**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလ စသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၁၇)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၃ ရက်၊ အင်္ဂါနေ့


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**(၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲကို ဩဂုတ်လ ၁၂ ရက်မှ ၁၅ ရက်အထိ တောင်ပင်လယ်ပုလဲအလုံးပေါင်း (၁၇၅၀၀၀)၊ အတွဲ (၇၀၀)ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ၌ ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကိုကြည့်ရှုစဉ်။

နေပြည်တော် ဩဂုတ် ၁၂

(၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊


စာမျက်နှာ ၅ ကော်လံ ၁ ▸▸





## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၃ ရက်)

# ယာဉ်/လမ်းအန္တရာယ်ကင်းရှင်းရေး ပူးပေါင်းဆောင်ရွက်ပေး

လူသားတို့အသက်ရှင်သန်နေထိုင်ရေးတွင် စည်းကမ်းလိုက်နာမှုသည်အဓိကဖြစ်သည်။ စည်းကမ်းရှိမှ တိုးတက်မည်ဆိုသည့်အတိုင်း သတ်မှတ်ထားသည့်နေရာ၊ ဒေသ၊ အလုပ်အကိုင်တိုင်းတွင် စည်းကမ်းသတ်မှတ်ချက်များရှိသည်။ ခရီးသွားလာရာတွင်လည်းစည်းကမ်းရှိရသကဲ့သို့ တည်းခိုနေထိုင်ရာတွင်လည်း စည်းကမ်းသတ်မှတ်ချက်များရှိသည်။ စည်းကမ်းလိုက်နာဘေးကင်းကွာဆိုသည့်စကားမှာ မော်တော်ယာဉ်မောင်းနှင်သူများ၊ လမ်းအသုံးပြုသူများနှင့်တိုက်ရိုက်သက်ဆိုင်သည်ဟုဆိုနိုင်သည်။ လမ်းလျှောက်သွားလာသူများအနေဖြင့် သတ်မှတ်ထားသည့်နေရာတွင်လမ်းဖြတ်ကူးခြင်းမှာ စည်းကမ်းလိုက်နာခြင်းဖြစ်သည်။ မိမိ၏အသက်အန္တရာယ်အတွက်လည်းစိုးရိမ်ဖွယ်မရှိပေ။

မော်တော်ယာဉ်မောင်းနှင်သူ၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူတို့အတွက်လည်း ယာဉ်စည်းကမ်းများသတ်မှတ်ထားရှိပြီးဖြစ်သည်။ ယာဉ်မောင်းကောင်းတစ်ယောက်ဆိုသည်မှာ ဘေးအန္တရာယ်မဖြစ်အောင်ယာဉ်ကိုမောင်းနှင်နိုင်သူဖြစ်သည်။ ယာဉ်မောင်းနှင့်ခရီးသည်အားလုံးယာဉ်မတော်တဆဖြစ်ပါက ထိခိုက်ဒဏ်ရာရသေဆုံးမှုလျော့နည်းစေရန် ထိုင်ခုံခါးပတ်ကိုပတ်ထားကြရမည်ဖြစ်သည်။ ယာဉ်မောင်းခြင်းကို ဆိုးရွားစွာထိခိုက်စေသောစိတ်ခံစားမှုမှာ ဒေါသဖြစ်မှုဖြစ်သည်။ မူးယစ်ဆေးနှင့်အချို့သောဆေးဝါးများသည် ယာဉ်မောင်းရာတွင်အရက်ကဲ့သို့ပင် ဆိုးရွားစွာအကျိုးသက်ရောက်စေသည့်အရာများဖြစ်သည်။ ထို့ကြောင့်ယာဉ်မောင်းတိုင်းသည် စိတ်ရှည်သည်းခံလမ်းကြောင်းမှန်ဖြစ်ရန်လိုသကဲ့သို့ အရက်သောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကိုရှောင်ကြရမည်ဖြစ်သည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုတိကျစွာလိုက်နာကျင့်သုံးကြမည်ဆိုပါက ယဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဖြစ်ပွားမှုများ မရှိသလောက်လျော့နည်းနေမည်ဖြစ်သော်လည်း စည်းကမ်းလိုက်နာမှုအားနည်းခြင်းကြောင့် ဆုံးရှုံးမှုများကြုံနေရခြင်းဖြစ်သည်။

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council– NRSC) ၏ တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၉ ရက်ကကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးမှာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီကို ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးနောက် တတိယအကြိမ်ကျင်းပသည့်အစည်းအဝေးဖြစ်သည်။ အစည်းအဝေးကို ယခင်နှစ် ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံနှင့်အဝှမ်းဖြစ်ပေါ်ခဲ့သည့်ယာဉ်တိုက်မှုအခြေအနေများကိုသုံးသပ်ဆွေးနွေးပြီး ယခုနှစ်စီမံဆောင်ရွက်သင့်သည့်အချက်များ၊ ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေးအတွက် မြန်မာနိုင်ငံ၏ National Road Safety Action Plan (2021–2030) လုပ်ငန်းစီမံချက်ပါ အဓိကရည်မှန်းချက်နှင့်လုပ်ငန်းစဉ်များအတိုင်း မျက်ခြည်မပြတ်ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ယခင်နှစ်အစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့မှုများနှင့် ယခင်နှစ်များထက်ပိုမိုတိုးတက်အောင်မြင်အောင်ကြိုးပမ်းသွားရမည့် ရှေ့လုပ်ငန်းစဉ်များကို ဖော်ထုတ်ချမှတ်ဆောင်ရွက်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်းသိရှိရသည်။

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (NRSC) က လစဉ်ပြုစုထုတ်ပြန်သည့် ယာဉ်တိုက်မှုကိန်းဂဏန်းအချက်အလက်များ၊ နှစ်ချုပ်အစီရင်ခံစာများအရ ၂၀၁၈ ခုနှစ်ကစပြီး ယာဉ်တိုက်မှု၊ ဒဏ်ရာရ၊ သေဆုံးမှုစာရင်းများတောက်လျှောက်လျော့နည်းကျဆင်းလာခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်တွင် လတစ်လချင်းအလိုက် အနည်းငယ်မြင့်တက်လာခဲ့သည်။ ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုကာလအတွင်း ပြင်ပသို့ထွက်ခွာသွားလာမှုများလျော့နည်းကျဆင်းခဲ့ခြင်းကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်မတော်တဆမှုများပါလျော့နည်းခဲ့သည်။ အသွားအလာများပုံမှန်အခြေအနေနီးပါးပြန်လည်ရောက်ရှိလာချိန်တွင် အတက်ဘက်သို့ပြန်လည်ဦးတည်လာကြောင်း သတိပြုမိသည်။

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီကထုတ်ပြန်သည့် အချက်အလက်များအရ ၂၀၂၀ ပြည့်နှစ်တွင် ယာဉ်တိုက်မှု ၁၂၉၇၃ မှု၊ သေဆုံးသူ ၄၄၁၀ ဦး၊ ဒဏ်ရာရသူ ၁၈၆၂၀ ဦး၊ ၂၀၂၁ ခုနှစ်တွင် ယာဉ်တိုက်မှု ၆၄၂၀ မှု၊ သေဆုံးသူ ၃၁၅၈ ဦး၊ ဒဏ်ရာရသူ ၈၃၁၁ ဦး၊ ၂၀၂၂ ခုနှစ်တွင် ယာဉ်တိုက်မှု ၅၆၃၁ မှု၊ သေဆုံးသူ ၂၇၉၅ ဦး၊ ဒဏ်ရာရသူ ၇၈၅၃ ဦးရှိကြောင်းသိရသည်။ ၂၀၃၀ ပြည့်နှစ်တွင် ယာဉ်တိုက်မှုကြောင့် သေဆုံးသူဦးရေသည် ၂၀၂၀ ပြည့်နှစ်က သေဆုံး၊ ဒဏ်ရာရသူဦးရေ၏ ထက်ဝက်သို့လျှော့ချနိုင်ရေး ရည်မှန်းချက်အား မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများစုက အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကဏ္ဍတို့၌ ရေရှည်အထောက်အကူပြုလွှမ်းခြုံဆောင်ရွက်နိုင်စေရေးအတွက် မြန်မာနိုင်ငံယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက် (၂၀၂၁–၂၀၃၀)ကို ရေးဆွဲဆောင်ရွက်လျက်ရှိသည်။ အဆိုပါစီမံချက်တွင် ကဏ္ဍကြီး(၈)ရပ်၊ လုပ်ငန်းစဉ်ပေါင်း ၁၀၈ ခုတို့ဖြင့်ရေးသားပြုစုချမှတ်ထားရှိသည်။ ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး မဏ္ဍိုင်ကြီး(၅)ရပ်ဖြစ်သည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကြီးကြပ်မှု၊ ပိုမိုအန္တရာယ်ကင်းသောလမ်းများနှင့် ယာဉ်များသွားလာမှု၊ ပိုမိုအန္တရာယ်ကင်းသောယာဉ်များ၊ ပိုမိုအန္တရာယ်ကင်းသည့်လမ်းအသုံးပြုသူများနှင့်ယာဉ်တိုက်မှုဖြစ်ပြီးပြီးချင်း တုံ့ပြန်ဆောင်ရွက်မှုတို့အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကပြုစုထားသည့် Global Road Safety Plan ပါ Voluntary Targets (၁၂) ချက်တို့ကိုပါအခြေခံ၍ ပြုစုရေးဆွဲချမှတ်ထားခြင်းဖြစ်ကြောင်းသိရှိရသည်။ အနှစ်ချုပ်ဆိုရသော် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ပြည်သူအားလုံးပူးပေါင်းပါဝင်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ အသိပညာပေး ပိုစတာများကပ်ခြင်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေခြင်းဆောင်ရွက်

မက်မန်း ဩဂုတ် ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပိုစတာများ လိုက်လံကပ်ခြင်းနှင့် လက်ကမ်းစာစောင်များအခမဲ့ဖြန့်ဝေခြင်းကို ဩဂုတ်လ ၁၀ ရက် နံနက်ပိုင်းတွင် မက်မန်းမြို့ပေါ်ရှိရပ်ကွက်များ၌ သွားရောက်ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးလက်ကမ်းစာစောင်တွင် သန်းခေါင်စာရင်းကောက်ယူသည့် ရည်ရွယ်ချက်၊ သန်းခေါင်စာရင်းထည့်ကောက်ရမည့်သူများ၊ သန်းခေါင်စာရင်းထည့်မကောက်ရမည့်သူများ၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ သန်းခေါင်စာရင်းကောက်ယူရာတွင် မေးမြန်းမည့်မေးခွန်းများ၊ အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆) သို့မဟုတ် ပုံစံ(၁၀) စစ်ဆေးခြင်းမဟုတ်ပါ၊ ပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးရမည့်အချက်များ၊ ၂၀၁၃ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေအရ သန်းခေါင်စာရင်းကောက်ယူသည့် အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာကိစ္စမှတစ်ပါး အခြားမည်သည့်ကိစ္စအတွက်မျှ အသုံးပြုခြင်းသို့မဟုတ် စစ်ဆေးခြင်းမပြုရ၊ မေးခွန်းများကို မှန်ကန်စွာဖြေဆိုခြင်းအားဖြင့် နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်မည့်အချက်များ၊ Mobile Tablet များအသုံးပြု၍ သန်းခေါင်စာရင်းကောက်ယူမည် စသည့်အကြောင်းအရာများပါဝင်သည်။

ထို့ပြင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းပိုစတာများကိုလည်း လူစည်ကားရာနေရာများနှင့် လူအသွားအလာများရာနေရာများ၌ လိုက်လံကပ်ပေးကြောင်း သိရသည်။

စောဥမ္မာ(ခရိုင်ပြန်/ဆက်)

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးမှု လျာထားကေထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့

ပွင့်ဖြူ ဩဂုတ် ၁၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးခြင်းကို သတ်မှတ်လျာထားကေထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် နှမ်းသီးနှံကို တစ်မြို့နယ်လုံး၌ စိုက်ဧက ၁၃၃၉၅ ဧက စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက ဇွန်လပထမပတ်မှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့အထိ ဧက ၂၄၇၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားကေထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့သည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိဒေသခံတောင်သူများသည် နှစ်စဉ် မိုးသီးနှံစိုက်ပျိုးရာသီများတွင် ပြည်တွင်းစားသုံးဆီဖူလုံစေရန်၊ သီးနှံဝင်ငွေတိုးပွားစေရန်နှင့် ဆီထွက်သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရန် ရည်ရွယ်ပြီး ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ မြေပဲ၊ နေကြာတို့ကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင် နှမ်းသီးနှံ ၁၃၃၉၅ ဧက၊ နေကြာသီးနှံ ဧက ၉၃၀၊ မြေပဲသီးနှံ ၁၆၆၁ ဧက စုစုပေါင်း ဆီထွက်သီးနှံစုံစိုက်ဧက ၁၅၉၈၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယနေ့အထိ နှမ်းဧက၂၄၇၂၀ ၊ မြေပဲ ၃၃၅၉ ဧက နေကြာ ၁၆၂ ဧက စုစုပေါင်း ဆီထွက်သီးနှံစုံ ၂၈၄၄၁ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင်ဒေသခံတောင်သူများကို သီးနှံအချိန်မီစိုက်ပျိုးနိုင်ရန်နှင့် အထွက်နှုန်းများကောင်းမွန်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်သည့် စိုက်ပျိုးရေးအသိပညာပေးခြင်းနှင့် မျိုးကောင်းမျိုးသန့်ရရှိရေး ကူညီဆောင်ရွက်ပေးခြင်း၊ ပိုးမွှားရောဂါမကျရောက်စေရေးကြိုတင်ကာကွယ်ရမည့်နည်းပညာများကို ပံ့ပိုးကူညီပေးခြင်းများဆောင်ရွက်ပေးသဖြင့် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၈-၂၀၂၄(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၇:၁၆ | မေတ္တာပို့ |
| ၃။ | ၇:၂၁ | ဓမ္မပူဇာတေး |
| ၄။ | ၇:၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၅။ | ၈:၄၅ | ဇာတ်လမ်းတို |
| ၆။ | ၉:၅၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၇။ | ၁၁:၄၀ | Sport Review |
| ၈။ | ၁၃:၁၀ | အမှတ်တရနေ့ရက်များ |
| ၉။ | ၁၆:၅၀ | ယဉ်ကျေးလိမ္မာဓမ္မတေးကဗျာ |
| ၁၀။ | ၁၇:၁၀ | အမျိုးသားရေးတေးကဗျာ |
| ၁၁။ | ၁၈:၄၀ | Music Gallery |
| ၁၂။ | ၁၉:၀၀ | **(၃၈)ဖြာမင်္ဂလာ ဉာဏ်တကာနန္ဒသင်္ဂဟော** |
| ၁၃။ | ၂၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |

မြဝတီ နေ့စဉ် the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# ထီးချိုင့်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံဧက ၁၁၀၀ ကျော် စိုက်ပျိုးပြီးစီး



ထီးချိုင့် ဩဂုတ် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံဧက ၁၁၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ထီးချိုင့်မြို့နယ်၌ စားဖိုဆောင်သီးနှံ ၁၂၅၆ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ဧက ၁၁၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ထီးချိုင့်မြို့နယ်မှာ စားဖိုဆောင်သီးနှံ ၁၂၅၆ ဧက စိုက်ပျိုးဖို့လျာထားတယ်။ လက်ရှိအချိန်ထိ ဧက ၁၁၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီ၊ ပန်းမုန်လာ၊ ရုံးပတီသီး စတာတွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ညီညွတ်အောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးတယ်" ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုအောင်ကပြောသည်။

ယခုနှစ်တွင် ထီးချိုင့်မြို့နယ်ရှိ စားဖိုဆောင်သီးနှံစိုက်ပျိုးသည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော ဟင်းသီးဟင်းရွက်များရရှိစေရေး၊ သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိသည်။

ထီးချိုင့်မြို့နယ်၌ နှစ်စဉ် ရာသီအလိုက် စားဖိုဆောင်သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးထားသောစားဖိုဆောင်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေ ရရှိကြောင်းနှင့် စားဖိုဆောင်သီးနှံစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေးကြောင်း သိရသည်။ (၄၀၉)

# ကမ္ဘာ့ဆင်များနေ့အထိမ်းအမှတ်အဖြစ် ဆင်စခန်းအသီးသီး၌ ဆင်စာဘူဖေးကျွေးခြင်းဆောင်ရွက်



နေပြည်တော် ဩဂုတ် ၁၂

ဩဂုတ်လ ၁၂ ရက်တွင် ကျရောက်သော ကမ္ဘာ့ဆင်များနေ့ အထိမ်းအမှတ်အဖြစ် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ဖွင့်လှစ်ထားသည့် ဆင်စခန်းအသီးသီးတွင် ဆင်စာဘူဖေးကျွေးခြင်းဖြင့် ကမ္ဘာ့ဆင်များနေ့ ကျင်းပခဲ့ကြောင်း နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ငလိုက်စခန်းသာဆင်စခန်း လက်ထောက်မန်နေဂျာ ဦးညီညီအောင်၏ပြောကြားချက်အရ သိရသည်။

ကမ္ဘာ့ဆင်များနေ့ကို ဆင်စခန်းတာဝန်ခံ၊ ဆင်ဦးစီးနှင့် ဆင်ပဲ့ချိတ်များဦးဆောင်ကာ ဆင်စာဘူဖေးကျွေးခြင်းဖြင့် ကျင်းပခဲ့ကြောင်းနှင့် ကမ္ဘာ့ဆင်များနေ့အထိမ်းအမှတ်ကို ကမ္ဘာပေါ်ရှိဆင်များအား ကာကွယ်ထိန်းသိမ်းကြရန်ရည်ရွယ်ပြီး ၂၀၁၂ ခုနှစ် ဩဂုတ်လ ၁၂ ရက်မှစ၍ ကနေဒါနိုင်ငံသား ရုပ်ရှင်ထုတ်လုပ်သူ Patricia Sims နှင့် ထိုင်းနိုင်ငံအခြေစိုက် Elephant Reintroduction Foundation တို့က စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဆင်များနေ့အထိမ်းအမှတ်အဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ဖွင့်လှစ်ထားသည့် ဆင်စခန်း ၂၄ ခုတွင် ဆင်စာဘူဖေးကျွေးခြင်းဖြင့် ကျင်းပခဲ့ကြောင်း၊ ဆင်များကို နာနတ်သီး၊ ဖရဲသီး၊ ငှက်ပျောသီး၊ သခွားသီး၊ ရွှေဖရုံသီး၊ သရက်သီး၊ ကြံ၊ နေဗီယာမြက်၊ ကိုင်းမြက်၊ ဝါးရွက်နှင့် ပြောင်းဖူးတို့ကို ဆင်စာဘူဖေးအဖြစ်ကျွေးမွေးခဲ့ကြောင်း သိရသည်။

ဒီပါလင်း

## မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

မအူပင် ဩဂုတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ရီရီဝင်း၏ပြောပြချက်အရ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်က ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတွေက ဒေသထွက်စပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို ဆန်တွေတင်ပို့ရောင်းချပါတယ်။ မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဇွန်လအတွင်းက ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၇၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်းမှာ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၅၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက်နွေစပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ လက်ရှိမှာလည်း ရန်ကုန်ဈေးကွက်မှာ မအူပင်မြို့နယ်က ထွက်ရှိတဲ့ဆန်တွေ အဝယ်လိုက်နေပါတယ်" ဟု ဒေါ်ရီရီဝင်းကပြောသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပေါ်ဆန်းဆန်များကို အဆက်မပြတ်တင်ပို့ရောင်းချနေရခြင်းကြောင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူများ၊ စိုက်ပျိုးရေးတောင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများနှင့် ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သုတကျော်

***"မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ . . ."***



# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

**မော်သာထွေး(မန္တလေး)**

> **"လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် $CO_2$ ထုတ်လွှတ်မှုများသော တွင်းထွက်လောင်စာကိုမီးရှို့၍ ဓာတ်အားထုတ်လုပ်ခြင်းကို နှစ်စဉ်ရာခိုင်နှုန်းသတ်မှတ်၍ စီမံချက်ရေးဆွဲပြီး လျှော့ချသင့်သည်။ တစ်ဖက်ကလည်း ဓာတ်အားလိုအပ်ချက်ကိုပြည့်မီစေရန် ရေအား၊ နေအား၊ လေအား စသည့် ပြန်လည်ပြည့်ဖြိုးမြဲအရင်းအမြစ်များ ပိုမိုသုံးစွဲရန် နှစ်စဉ်စီမံချက်ဖြင့် မပြတ်မနေဆောင်ရွက်သင့်သည် . . ."**

ယမန်နေ့မှအဆက်

**အခန်း ( ၂၇ )**

**ကမ္ဘာကြီးပူနွေးမှု၊ ရာသီဥတုပြောင်းလဲမှုကို အချိန်မီကုစားကြ**

လူသားတို့မှာ မလုပ်မဖြစ် တာဝန်အရလုပ်စရာအလုပ်နှစ်ခုရလာပြီဖြစ်သည်။ ၎င်းတို့မှာ –

(က) ရေတို $CO_2$ လျှော့ချနိုင်မည့်ကိစ္စများ ချက်ချင်းဆောင်ရွက်ရေး၊

(ခ ) ရေရှည် $CO_2$ လျော့နည်းလာရေးအစီအမံများဆောင်ရွက်ရေး စသည့်အချက်နှစ်ချက်ဖြစ်သည်။

ဖော်ပြခဲ့သောအကြောင်းအရာများကို အကျဉ်းချုပ်ပြန်ကောက်နုတ်ရလျှင် $CO_2$ များများထုတ်လွှတ်မည့်ကိစ္စများကို သတိနှင့်ကြည့်၍ လျှော့ချရေးဆောင်ရွက်ရန်သာဖြစ်သည်။ $CO_2$ လျှော့ချရေး ပြည်သူများနှင့် တိုက်ရိုက်သက်ဆိုင်သော လျှပ်စစ်ကဏ္ဍကို နမူနာပြပါမည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ $CO_2$ လျှော့ချရေး**

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် $CO_2$ ထုတ်လွှတ်မှုများသော တွင်းထွက်လောင်စာကိုမီးရှို့၍ ဓာတ်အားထုတ်လုပ်ခြင်းကို နှစ်စဉ်ရာခိုင်နှုန်းသတ်မှတ်၍ စီမံချက်ရေးဆွဲပြီး လျှော့ချသင့်သည်။ တစ်ဖက်ကလည်း ဓာတ်အားလိုအပ်ချက်ကိုပြည့်မီစေရန် ရေအား၊ နေအား၊ လေအား စသည့်ပြန်လည်ပြည့်ဖြိုးမြဲအရင်းအမြစ်များ ပိုမိုသုံးစွဲရန် နှစ်စဉ်စီမံချက်ဖြင့် မပြတ်မနေဆောင်ရွက်သင့်သည်။

အရေးကြီးဆုံးမှာ ယခင်ဆယ်စုနှစ်များစွာက ကျင့်သုံးခဲ့သောအတွေးအခေါ်၊ အကျင့်စရိုက်ဟောင်းများကို ဦးစွာပြင်ကြရမည်။ ပြုပြင်ပြောင်းလဲသင့်သည်များကို ရဲရဲတင်းတင်းပြောင်းကြရမည်။ ရေတိုဖြေရှင်းမှုများဖြင့် အသားကျနေသော စိတ်ဓာတ်များကို ဦးစွာပြင်ရမည်။ ပြည်သူကိုသဘောပေါက်အောင်ရှင်းပြရမည်။

ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းတိုင်းသည် $CO_2$ ထုတ်လွှတ်ကြသည်ချည်းဖြစ်သည်။ ထိုအထဲတွင် သဘာဝဓာတ်ငွေ့ရည် (LNG)၊ ကျောက်မီးသွေး၊ ဒီဇယ်ဆီနှင့်မီးထိုးဆီတို့မှာ $CO_2$ ပို၍ ထုတ်လွှတ်ကြသည်။ သို့သော် ဓာတ်အားစနစ်တိုင်းတွင် ဓာတ်အားထုတ်လုပ်မှုအရင်းအမြစ်အချိုးမှန်မှ ဓာတ်အားတည်ငြိမ်သည်၊ ဈေးနှုန်းသက်သာသည်။ ဤအချက်ကြောင့် နိုင်ငံတိုင်းတွင် အထက်တွင်ဖော်ပြခဲ့သော အပူသုံးဓာတ်အားပေးစက်ရုံများ မဖြစ်မနေ တွဲဖက်သုံးစွဲနေကြခြင်းဖြစ်သည်။ မိမိတို့နိုင်ငံ၌လည်း တွင်းထွက်လောင်စာများကို မီးရှို့၍ ဓာတ်အားပေးထားသော အချိုးအစားမှာ ၂၀၁၉–၂၀၂၀ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းခန့်အထိ မြင့်မားလာနေပြီဖြစ်သည်။ ယခင်မကြာသေးမီ ဆယ်စုနှစ်ကာလများထက် သိသိသာသာဓာတ်ငွေ့သုံးစက်ရုံများ တိုးချဲ့မောင်းနှင်လာသည်ကိုတွေ့ရသည်။ ကာလအလိုက် လျှပ်စစ်ဓာတ်အားကိစ္စများကို ရှေ့အခန်းများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

သဘာဝဓာတ်ငွေ့ဖြင့်မောင်းနှင်သော ဓာတ်အားတစ်ကီလိုဝပ်နာရီတိုင်းသည် အနည်းဆုံး $CO_2$ ၃၅၀ ဂရမ်မှ အများဆုံး ၇၀၀ ဂရမ်အထိ ထုတ်လွှတ်နေသည်။

မိမိတို့နိုင်ငံ၌ ၂၀၁၉–၂၀၂၀ ခုနှစ်တွင်သုံးစွဲခဲ့သော ဓာတ်အားမှာ ကီလိုဝပ်နာရီသန်းပေါင်း ၂၃၅၅၇ ဒသမ ၈၆ ဖြစ်သည်။ အရင်းအမြစ်တစ်မျိုးစီမှ ဓာတ်အားထုတ်လုပ်မှုအလိုက် ပါဝင်မှုအချိုးနှင့် $CO_2$ ထုတ်လွှတ်မှုများကို တွက်ချက်ဖော်ပြမှ ပို၍ရှင်းမည်ဖြစ်၍ ဖော်ပြပါမည်။

**မြန်မာ့ဓာတ်အားထုတ်လုပ်မှုအရင်းအမြစ်အလိုက် ထုတ်လုပ်မှုနှင့် $CO_2$ ထုတ်လွှတ်မှုအခြေအနေ(၂၀၁၉–၂၀၂၀)**

| စဉ် | အရင်းအမြစ် | ဓာတ်အား ထုတ်လုပ်မှု (ကီလိုဝပ် နာရီသန်း) | ဓာတ်အား ထုတ်လုပ်မှု အချိုး(%) | $CO_2$ ထုတ်လွှတ်မှု (မက်ထရစ်တန်) |
|---|---|---|---|---|
| ၁ | ရေအား | ၉၃၃၅.၂၅ | ၃၉.၆၃ | ၆၁၆၁၃ |
| ၂ | သဘာဝဓာတ်ငွေ့ | ၁၃၄၅၀.၂ | ၅၇.၀၉ | ၄၇၀၇၅၇၀ |
| ၃ | ကျောက်မီးသွေး | ၆၈၉.၃၅ | ၂.၉၂ | ၁၀၇၁၈၉၅ |
| ၄ | နေရောင်ခြည် | ၈၃.၀၆ | ၀.၃၄ | ၃၉၇၂ |
| | စုစုပေါင်း | ၂၃၅၅၇.၈၆ | ၉၉.၉၈ | ၅၉၄၅၀၅၀ |

မိမိတို့နိုင်ငံတွင် လျှပ်စစ်ထုတ်လုပ်မှုကဏ္ဍမှ $CO_2$ ထုတ်လွှတ်ခဲ့မှုပမာဏ စုစုပေါင်းမှာ ၂၀၁၉–၂၀၂၀ ခုနှစ်တွင် မက်ထရစ်တန်ချိန်ခြောက်သန်းခန့် ထုတ်လွှတ်ခဲ့ကြောင်း တွေ့ရပါမည်။ အရင်းအမြစ်တစ်ခုစီ၏ $CO_2$ ထုတ်လွှတ်မှုကို ပြန်လည်တွက်ချက်အချိုးချကြည့်ရာတွင်–

- သဘာဝဓာတ်ငွေ့သုံးစက်ရုံများမှ ၇၉%
- ကျောက်မီးသွေးသုံးစက်ရုံများမှ ၂၀%
- ရေအားလျှပ်စစ်စက်ရုံများမှ ၁%
- နေရောင်ခြည်သုံးစက်ရုံများမှ ၀.၀၆%

အသီးသီးထုတ်လွှတ်ခဲ့ကြကြောင်းတွေ့ရမည်။

မြန်မာနိုင်ငံ၏ ၂၀၂၁ ခုနှစ် ဇူလိုင်လကုန်အထိ စက်တပ်ဆင်အင်အားစုစုပေါင်းသည်–

| | | |
|---|---|---|
| – ရေအားလျှပ်စစ် | ၃၃၄၅ | မဂ္ဂါဝပ် |
| – သဘာဝဓာတ်ငွေ့ | ၄၀၅၇ | မဂ္ဂါဝပ် |
| – ကျောက်မီးသွေး | ၁၂၀ | မဂ္ဂါဝပ် |
| – နေရောင်ခြည် | ၄၀ | မဂ္ဂါဝပ် |
| စုစုပေါင်း | ၇၅၆၂ | မဂ္ဂါဝပ် |

အသီးသီးရှိသည်။

ဖော်ပြခဲ့ပြီးသော နှစ်စဉ်ဓာတ်အားထုတ်လုပ်မှု ကီလိုဝပ်နာရီ(ယူနစ်)နှင့် လူဦးရေ ၅၂ သန်းကို အချိုးချတွက်ချက်ရာတွင် ၂၀၁၉–၂၀၂၀ ခုနှစ်တွင် လူတစ်ဦးစီအတွက် ဓာတ်အားသုံးစွဲနိုင်မှုမှာ ၄၃၆ ကီလိုဝပ်နာရီ(ယူနစ်) သုံးစွဲသည်ကိုတွေ့ရသည်။

ရှေ့တွင်ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း အရင်းအမြစ်တစ်မျိုးစီအလိုက် ဓာတ်အား တစ်ယူနစ်ရရှိရေး $CO_2$ ဂရမ်မည်မျှထုတ်လွှတ်သည်ဆိုသည်ကိုလည်း သိရှိထားခဲ့ကြပြီးဖြစ်ရာ မည်သည့်အရင်းအမြစ်ကို မည်မျှဓာတ်အားထုတ်လုပ်လျှင် မည်မျှ $CO_2$ ထုတ်လွှတ်မည်ကို သိနေကြပြီဖြစ်သည်။ $CO_2$ ထုတ်လွှတ်မှုသည် တပ်ဆင်အင်အားနှင့် တိုက်ရိုက်မသက်ဆိုင်ပါ။ ထုတ်လုပ်မှုကီလိုဝပ်နာရီ(ယူနစ်)ပေါ်တွင်သာအခြေခံတွက်ချက်ရပါမည်။

ဓာတ်အားသုံးသူများသည်လည်း သုံးစွဲမှုချွေတာလျှင် $CO_2$ ထုတ်လွှတ်မှုလည်း လျှော့ချနိုင်မည်ဖြစ်သလို ကုန်ကျစရိတ်လည်း သက်သာမည်။ ဓာတ်အားပိုလျှံလာပါက ဓာတ်အားသုံးစွဲခွင့်မရသေးသူများကိုလည်း ဓာတ်အားမျှဝေနိုင်မည်ဖြစ်သည်။

**လျှပ်စစ်ဓာတ်အားချွေတာသုံးစွဲရေး**

လျှပ်စစ်ဓာတ်အားချွေတာသုံးစွဲခြင်းသည် လက်တွေ့ကျသော ချက်ချင်းဆောင်ရွက်နိုင်သောကိစ္စဖြစ်သည်။ မိမိတို့သုံးလိုက်သော ဓာတ်အားထဲတွင် ကမ္ဘာကြီးပူနွေးလာစေမည့် အပူဓာတ်ငွေ့များပါလာနေသည်ဟု သဘောထားပြီး သုံးကြရန်လိုသည်။ အဆိုပါဓာတ်ငွေ့များသည် ဝိုင်ယာကြိုးထဲတွင်ပါလာနေပြီ။ ဓာတ်အားခလုတ် (မီးခလုတ်) ထိရောက်နေပြီ။ မိမိခလုတ်ဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် မိမိအိမ်ထဲ၊ မိမိရုံးခန်းထဲ၊ မိမိစက်ရုံထဲ၊ မိမိရပ်ကွက်ထဲသို့ $CO_2$ များ ပျံ့ဝဲသွားတော့မည်ဟုမှတ်ယူထားသင့်သည်။

အကယ်၍ ဓာတ်အားထုတ်လုပ်မှုအချိုးတွင် $CO_2$ များများထုတ်လွှတ်သော အရင်းအမြစ်များများပါနေလေ မိမိဖွင့်မည့်မီးခလုတ်တွင် $CO_2$ များများရောက်နေလေဖြစ်သည်ဟု သိထားသင့်သည်။

ဆက်လက်ဖော်ပြပါမည်။

# ရွှေတောင်မြို့နယ် လက်ခုပ်ပင်ကျေးရွာ၌ ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းနှင့်ရေသန့်စင်စက် တပ်ဆင်ပြီးစီးမှုကွင်းဆင်းစစ်ဆေး



ရွှေတောင် ဩဂုတ် ၁၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တရုတ်မှော်ကျေးရွာအုပ်စု လက်ခုပ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဩဂုတ်လ ၁၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းထွန်းနှင့် တာဝန်ရှိသူများသည် လက်ခုပ်ပင်ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ အရှည် ၂၃၉၅ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ဆောင်ရွက်ပြီး လုပ်ငန်းများရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ပြောကြားသည်။

လက်ခုပ်ပင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ ငွေကျပ် ၁၂ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လတတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နော်လူး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံအလိုက် တောင်ပင်လယ်ပုလဲထုတ်လုပ်မှုဆိုင်ရာအချက်အလက်များ၊ မြန်မာ့ပုလဲများထုတ်လုပ်မှု၊ ရောင်းချနိုင်မှုနှင့် ၂၀၂၄ ခုနှစ်၊ (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲအခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ၌ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို ကြည့်ရှုစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အခမ်းအနားတက်ရောက်လာကြသူများသည်နိုင်ငံအလိုက် တောင်ပင်လယ်ပုလဲထုတ်လုပ်မှုဆိုင်ရာအချက်အလက်များ၊ မြန်မာ့ပုလဲများထုတ်လုပ်မှု၊ ရောင်းချနိုင်မှုနှင့် ၂၀၂၄ ခုနှစ်၊ (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲအခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ၌ ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ခင်းကျင်းပြသထားသည့် ပုလဲအတွဲများနှင့် ပုဂ္ဂလိကကျောက်မျက်ရတနာအချောထည်အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုကြရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

(၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲကို ဩဂုတ်လ ၁၂ ရက်မှ ၁၅ ရက်အထိ တောင်ပင်လယ်ပုလဲအလုံးပေါင်း (၁၇၅၀၀၀)၊ အတွဲ (၇၀၀)ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်သည်။

အဆိုပါ(၁၄၂)ကြိမ်မြောက်မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ၌ ဩဂုတ်လ ၁၃ ရက်တွင် တင်ဒါအမှတ်(၁)ဖြစ်သည့် ပုလဲအတွဲအမှတ် (၀၀၁)မှ (၁၁၅)တွဲအထိ ပုလဲအတွဲ (၁၁၅)တွဲနှင့် တင်ဒါအမှတ်(၂)ဖြစ်သည့် ပုလဲအတွဲအမှတ်(၁၁၆)မှ (၂၃၀)တွဲအထိ ပုလဲအတွဲ(၁၁၅)တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ဩဂုတ်လ ၁၄ ရက်တွင် တင်ဒါအမှတ်(၃)ဖြစ်သည့် ပုလဲအတွဲအမှတ်(၂၃၁)မှ (၃၄၅)တွဲအထိ ပုလဲအတွဲ (၁၁၅)တွဲနှင့် တင်ဒါအမှတ်(၄)ဖြစ်သည့် ပုလဲအတွဲအမှတ် (၃၄၆) မှ (၄၆၀) အထိ ပုလဲအတွဲ (၁၁၅)တွဲတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ဩဂုတ်လ ၁၅ ရက်တွင် တင်ဒါအမှတ်(၅)ဖြစ်သည့် ပုလဲအတွဲအမှတ် (၄၆၁)မှ (၅၈၀)အထိပုလဲအတွဲ (၁၂၀)တွဲနှင့် တင်ဒါအမှတ်(၆)ဖြစ်သည့် ပုလဲအတွဲအမှတ်(၅၈၁)မှ (၇၀၀)အထိ ပုလဲအတွဲ( ၁၂၀)တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

▸▸ ရှေ့ဖုံးမှအဆက်

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့်ပြည်တွင်းပြည်ပမှ ပုလဲလုပ်ငန်းရှင်များ တက်ရောက်ကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုဂ္ဂလိကကျောက်မျက်ရတနာအချောထည်အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုစဉ်။

# လူငယ်များအတွက်ဩဂုတ်လတစ်ဆယ့်နှစ်ရက်

စိန်ငွေးလှိုင် (ပခုက္ကူ)

**“ငှါညီပြောင်ဝင်း၊ မောင်သစ်ဆင်း**
**မင်း၏သားငယ်၊ သက်နှစ်ဆယ်သည်**
**ဘယ်ဂုဏ်မျိုးကို၊ ကြိုက်သနည်း။**
**ရိုးဂုဏ်ဖြောင့်ဂုဏ်၊ ယဉ်ကျေးဂုဏ်သည်**
**လူ့ဘုံလောက၊ နှစ်သာရတည့်**
**သူကပြုစူ၊ မကြည်ဖြူလည်း**
**ခွာရာမရ၊ ကွာမကျ။ ”**

ဟု ဆရာကြီးဇော်ဂျီက ညီသစ်ဆင်းကဗျာစုတွင် ရေးသားခဲ့သည်။ အသက်နှစ်ဆယ်ရှိသောလူငယ်တစ်ဦးသည် မည်သည့်ဂုဏ်ဒြပ်ကို နှစ်သက်သနည်းဟုမေးမြန်းထားသည်။ ရိုးသားသောဂုဏ်၊ ယဉ်ကျေးသောဂုဏ်တို့မှာ လူ့လောက၏အနှစ်သာရဖြစ်ပြီး လူတစ်ဦးတစ်ယောက်က ၎င်းဂုဏ်တို့ကို ခွာကာယူသော် ကွာ၍မကျကြောင်း ရေးသားထားခြင်းဖြစ်သည်။ လူငယ်များသည်ရိုးသားရပါမည်။ ရိုးသားမှုဆိုသည်မှာ သူတစ်ပါးအပေါ်လိမ်ညာကောက်ကျစ်ယုတ်မာမှုမရှိခြင်း၊ လိမ်ညာကောက်ကျစ်ခြင်းမှရရှိလာမည့်အကျိုးကို မမျှော်ကိုးဘဲကိုယ့်အားကိုယ်ကိုးခြင်းကိုခေါ်ဆိုသည်။ “လူငယ်ဆိုသည်မှာအသက်အပိုင်းအခြား ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိမြန်မာနိုင်ငံသားများကိုဆိုလိုသည်”ဟု မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒတွင်သတ်မှတ်ထားရှိသည်။ လူငယ်ဆိုသည့်စကားအတိုင်း ငယ်ရွယ်နုပျိုမှု၊ သွက်လက်ဖျတ်လတ်မှု၊ စူးစမ်းလေ့လာလိုစိတ်ရှိမှုနှင့် ကာယအားဉာဏအားတို့အပင်ပန်းခံနိုင်မှု စသည့်အရည်အချင်းများရှိကြသည်။

မြန်မာမှုနယ်ပယ်တွင်လူငယ်များသည်ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့်ဘောဂဗလဆိုသောဗလငါးတန်ဖြင့်ပြည့်စုံနေရမည်ဟုဆိုထားသည်။ လူငယ်တို့သည်ကာယဗလကြံ့ခိုင်ကာကျန်းမာရေးကောင်းရပါမည်။ ကျန်းမာရေးကောင်းမွန်မှသာမိမိအကျိုး သူတစ်ပါးအကျိုးကိုလုပ်ဆောင်နိုင်မည်ဖြစ်သည်။ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်အောင်ကြိုးစားရပါမည်။ လောကတွင်ဖြစ်ပျက်နေသောအရှိတရားကိုဆင်ခြင်တုံတရားဖြင့်ချိန်ဆပြီး မိမိဘဝတိုးတက်ရေးကိုရှေးရှုကာ ပညာဗဟုသုတရှာမှီးရပါမည်။ မပြုလုပ်ရန်တားမြစ်ထားသည်ကို မပြုလုပ်ခြင်း၊ လုပ်သင့်လုပ်ထိုက်သည်ကိုပြုလုပ်ခြင်းဆိုသောအကျင့်စာရိတ္တကောင်းလည်းရှိသင့်သည်။ မိမိ၏အခက်အခဲကိုဆောင်ရွက်ပေးသောမိတ်ကောင်းဆွေကောင်းလည်းရှိရပါမည်။ ဘဝခရီးအတွက်နေထိုင်လုပ်ကိုင်စားသောက်ရာတွင်စည်းစိမ်ဥစ္စာမှာအရေးပါလျက်ရှိသည်။ ဥစ္စာရှိရေးအတွက်အလုပ်တာဝန်များကိုကြိုးစားပမ်းစားလုပ်ဆောင်ရပါမည်။ လူငယ်များသည်နိုင်ငံတော်အတွက်စွမ်းအားသစ်အဖြစ်ထွက်ပေါ်လာမည့်သားကောင်းရတနာများဖြစ်ကြသည်။




**❖ လူငယ်များသည် အနာဂတ်နိုင်ငံတော်တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ရမည့်သူများဖြစ် . . .**

**❖ နိုင်ငံတစ်ခုတိုးတက်ပြောင်းလဲမှုဖော်ဆောင်ရာတွင် လူငယ်များ၏ စည်းလုံးမှုနှင့် ဦးဆောင်နိုင်မှုတို့ကို စနစ်တကျပါဝင်စေရမည်ဖြစ် . . .**

**❖ လူငယ်အပေါင်းမှလည်း မိမိနိုင်ငံအရေးသာမကဘဲ ကမ္ဘာ့အရေးကိုပါလေ့လာရမည်ဖြစ် . . .**

**❖ လေ့လာမှုမှရရှိသောဖြစ်စဉ်ဖြစ်ရပ်များအပေါ်သင်ခန်းစာယူမှု၊ အတွေ့အကြုံကောင်းများရရှိမှုတို့ကိုအသုံးချကာ စွမ်းဆောင်ရည်ပြည့်ဝသူများဖြစ်အောင် ကြိုးစားရမည်မှာ လူငယ်တိုင်း၏တာဝန်ဖြစ် . . .**

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကြီး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရာတွင် မျိုးဆက်သစ်လူငယ်များ၏စွမ်းအားကိုအသုံးချကြသည်။ ကမ္ဘာ့ကုလသမဂ္ဂမှ ၁၉၉၉ ခုနှစ်တွင်ကျင်းပခဲ့သော (၅၄) ကြိမ်မြောက်အစည်းအဝေး၌ ဩဂုတ်လ ၁၂ ရက်နေ့ကို “အပြည်ပြည်ဆိုင်ရာလူငယ်များနေ့(International Youth Day)”အဖြစ်သတ်မှတ်ထားရှိသည်။ လူငယ်များ၏မျက်မှောက်ကာလတွင် ရင်ဆိုင်နေရသောအခက်အခဲများကိုဖြေရှင်းပေးရန်၊ ကမ္ဘာ့လူငယ်များအတွက်အစီအစဉ်များကိုနိုင်ငံတကာမှအာရုံစိုက်လာစေရန်၊ လူငယ်တို့၏စွမ်းပကား တိုးတက်မြင့်မားစေရန်ဆိုသည့်ရည်ရွယ်ချက်များချမှတ်ခဲ့သည်။ ကုလသမဂ္ဂမှနှစ်စဉ်နှစ်တိုင်းဆောင်ပုဒ်ချမှတ်ပေးကာ နိုင်ငံအသီးသီးတွင် လူငယ်အခမ်းအနားများကိုကျင်းပကြသည်။

ကုလသမဂ္ဂအဖွဲ့က ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ချမှတ်ပေးထားသည့်ဆောင်ပုဒ်မှာ **“စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး” (“From Clicks To Progress: Youth Digital Pathways For Sustainable Develop–ment”)**ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းနှင့်အတူ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ပြည့်မီစေရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင် လူငယ်များသည်အဓိကအခန်းကဏ္ဍမှပါဝင်လာစေရန် လိုအပ်ကြောင်းတိုက်တွန်းအသိပေးထားသည်။

ကုလသမဂ္ဂစာရင်းအရ ကမ္ဘာပေါ်တွင် လူငယ်လူဦးရေမှာ ၁ ဒသမ ၂ ဘီလီယံခန့်ရှိပြီး ကမ္ဘာ့လူဦးရေ၏ ၁၆ ရာခိုင်နှုန်းရှိသည်။ လူငယ် ၈၅ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်လျက်ရှိသည်။ လူငယ်လူနည်းစုကသာ လူမှုအသိုက်အဝန်းတွင်ဝင်ဆံ့ပြီး လိုအပ်သောပညာရေး၊ ကျန်းမာရေးနှင့်အခြားဝန်ဆောင်မှုတို့ကိုရရှိကြသည်။ လူငယ်အများစုမှာ ဆင်းရဲမှု၊ ပညာရေးနှင့်ကျန်းမာရေးနိမ့်ကျမှု၊ ကျား/မတန်းတူမညီမျှမှု၊ မူးယစ်ဆေးဝါးအန္တရာယ်၊ အကြမ်းဖက်မှု၊ စစ်မက်ဖြစ်ပွားမှုနှင့်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုစသည်တို့ကိုရင်ဆိုင်နေရကြောင်းလေ့လာသိရှိရသည်။ ၎င်းအခက်အခဲများရှိသကဲ့သို့တစ်ဖက်တွင်လည်းတိုးတက်မှုအခွင့်အလမ်းများရရှိနေကြသည်။

လူငယ်တို့ဘဝဖွံ့ဖြိုးတိုးတက်စေရန်သက်ဆိုင်ရာနိုင်ငံများအလိုက်ဆောင်ရွက်လျက်ရှိကြသည်။ မြန်မာနိုင်ငံတွင်၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ အခြေခံမူ (၉) ချက်နှင့်ရည်ရွယ်ချက် (၁၅) ချက်တို့ပါဝင်သည့် လူငယ်ရေးရာမူဝါဒကိုရေးဆွဲပြဋ္ဌာန်းခဲ့သည်။ လူငယ်ရေးရာမူဝါဒဆိုသည်မှာ နိုင်ငံအတွင်းရှိလူငယ်များ၏လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးမှု စသောအနာဂတ်အလားအလာကောင်းများကို ဖြည့်ဆည်းပေးနိုင်မည့် မဟာဗျူဟာလမ်းညွှန်ချက်ကိုခေါ်ဆို၏။ လူငယ်များအတွက် လိုအပ်သောလူသားအရင်းအမြစ်နှင့်ဝန်ဆောင်မှုများကိုသန္နိဋ္ဌာန်ချဆောင်ရွက်ပေးနိုင်ရန် စနစ်တကျဖော်ညွှန်းထားသော မူဝါဒတစ်ခုဖြစ်ပေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၂ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီကိုပြင်ဆင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ်တွင် “နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး”ဟုပါရှိသည်။

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို ဩဂုတ်လ ၁၂ ရက်နေ့တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C) ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က **“စည်းလုံးညီညွတ်ပြီး သဟဇာတဖြစ်သည့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကို ထူးချွန်ထက်မြက်သည့်၊ ကျန်းမာကြံ့ခိုင်သည့်၊ တွေးခေါ်နိုင်စွမ်းရှိပြီး အကျင့်စာရိတ္တကောင်းမွန်သည့်၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် လူကောင်းလူတော်များဖြင့်သာ ဖန်တီးဖော်ဆောင်ပေးနိုင်မည်ဖြစ်သောကြောင့် နိုင်ငံ၏အနာဂတ်အတွက် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ကော်မတီများနှင့်တာဝန်ရှိသူအားလုံးက ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အားကောင်းစွာဖြင့် ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း”** ဟူ၍ ပြောကြားခဲ့သည်။

လူငယ်တို့၏စွမ်းရည်များ မြင့်မားစေရန် လူ့ရည်ချွန်စီမံကိန်းကိုဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံရှိ မျိုးဆက်သစ်လူငယ်မောင်မယ်များကို ရေကြောင်း၊ လေကြောင်းပညာရပ်များတတ်ကျွမ်းစေရန်



စာမျက်နှာ ၇ သို့ ⇨

➪ စာမျက်နှာ ၆ မှအဆက်

ရေကြောင်းလူငယ်အခြေခံ/တန်းမြင့်သင်တန်းနှင့် အခြေခံ/တန်းမြင့်လေကြောင်းလူငယ် သင်တန်းတို့ကိုလည်း ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။

ယနေ့ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါ စသည့်ကမ္ဘာ့ရေးရာ ပြဿနာများပေါ်ပေါက်လျက်ရှိသည်။ ထို့ပြင် လူသားတို့ကြောင့် မညီမျှမှု၊ အစွန်းရောက်မှု၊ သဟဇာတပျက်ပြားမှုများကလည်း ကမ္ဘာ့အန္တရာယ်အဖြစ်တွန်းပို့နေသည်။ လူငယ့်စွမ်းအားသည် မျက်မှောက်ကာလအခက်အခဲများကိုဖြေရှင်းရာတွင် အရေးပါလျက်ရှိသည်။ လူငယ်များသည် အနာဂတ်နိုင်ငံတော်တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ရမည့်သူများဖြစ်ကြသည်။ နိုင်ငံတစ်ခုတိုးတက်ပြောင်းလဲမှုဖော်ဆောင်ရာတွင် လူငယ်များ၏စည်းလုံးမှုနှင့် ဦးဆောင်နိုင်မှုတို့ကိုစနစ်တကျပါဝင်စေရမည်ဖြစ်သည်။ လူငယ်အပေါင်းမှလည်း မိမိနိုင်ငံအရေးသာမကဘဲ ကမ္ဘာ့အရေးကိုပါ လေ့လာရမည်ဖြစ်သည်။ လေ့လာမှုမှရရှိသောဖြစ်စဉ်ဖြစ်ရပ်များအပေါ်သင်ခန်းစာယူမှု၊ အတွေ့အကြုံကောင်းများရရှိမှုတို့ကို အသုံးချကာ စွမ်းဆောင်ရည်ပြည့်ဝသူများဖြစ်အောင် ကြိုးစားရမည်မှာ လူငယ်တိုင်း၏တာဝန်ဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုရသော် ကမ္ဘာ့နိုင်ငံအသီးသီးရှိလူငယ်များ ထူးချွန်ထက်မြက်စေရန် သက်ဆိုင်ရာနိုင်ငံအသီးသီးတို့က အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်လူငယ်ရေးရာမူဝါဒများရေးဆွဲချမှတ်ခြင်း၊ လူရည်ချွန်စီမံကိန်းဆောင်ရွက်ပေးခြင်း၊ ရေကြောင်းနှင့်လေကြောင်းပညာသင်တန်းများဖွင့်လှစ်ပေးခြင်း စသည်များ လုပ်ဆောင်ပေးလျက်ရှိသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် လူငယ်ထု၏စွမ်းပကားမှာ အရေးပါလျက်ရှိပြီး လူငယ်အပေါင်းတို့မှလည်း လိုက်ပါဆောင်ရွက်သင့်ကြောင်း "အပြည်ပြည်ဆိုင်ရာလူငယ်များနေ့" ကို ဂုဏ်ပြုသောအားဖြင့် ဤဆောင်းပါးကိုရေးသားလိုက်ရပါသည်။ ။

# လူငယ်များနေ့ စဉ်ချမ်းမြွေ

◆ ထူးချွန်ထက်မြက်၊ တို့မျိုးဆက်ဟု
စဉ်ဆက်မပြတ်၊ ရှိနေအပ်ပြီ
ခေတ်နှင့်အညီ၊ ခေတ်မီပညာ
များစွာတတ်မြောက်၊ အားကိုးလောက်သူ
ယောကျာ်းတံခွန်၊ လူရည်ချွန်သို့
ပြည့်မွန် ထပ်လောင်း၊ သမီးကောင်းသို့
သောင်းသောင်းဖြဖြ၊ ကြိုဆိုကြမည်
"အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့" ။

◆ လူငယ်ကဏ္ဍ၊ မြင့်မားကြဖို့
ဗလငါးတန်၊ ပြည့်ဝမှန်၍
နိုင်ငံလူမျိုး၊ ဂုဏ်ရှိန်တိုးအောင်
ကြိုးစားကြမည်၊ စိတ်ကရည်လျက်
တည်ကြည်စိတ်ထား၊ နှလုံးသားနှင့်
အများကောင်းကျိုး သယ်ပိုးစို့။

◆ အင်တာနက်ခေတ်၊ ကမ္ဘာသစ်မှာ
ဆန်းစစ်လေ့လာ၊ မြတ်ပညာနှင့်
သိက္ခာတန်ဖိုး၊ ဆပွားတိုးအောင်
ကောင်းကျိုးဆက်လက်၊ ပြည့်ဂုဏ်တက်အောင်
**"စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး
လူငယ်များရဲ့ ဒစ်ဂျစ်တယ်
ကျွမ်းကျင်မှုကို ဖော်ဆောင်ပေး"**
တွေးဆဖော်ပြီ ခေတ်နှင့်ညီသည်
"အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့"။

◆ လူသားရင်းမြစ်၊ တိုးတက်သစ်ရန်
ခေတ်သစ်ရှေ့ပြေး၊ ကြိုမြော်တွေးလျက်
အောင်တေးလည်းသီ၊ အောင်လံချီ၍
တိုင်းပြည်ခွန်အား၊ ဉာဏ်သစ်ပွားအောင်
များစွာလူငယ်၊ တိုင်းကျိုးသယ်အံ့
တတ်လွယ်သိလွယ်၊ ပညာကြွယ်သည့်
လူငယ်များနေ့၊ စဉ်ချမ်းမြွေ။ ။

**အာကာမောင်မောင်**

# ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားများကျင်းပ

## တောင်ကြီး




ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ဩဂုတ်လ ၁၂ ရက်နံနက်ပိုင်းတွင် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ်အတွင်းရှိ အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိသည့် ထူးချွန်လူငယ်များနှင့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်သည်။

ယင်းနောက် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း Video Clip အားပြသသည်။ ထို့နောက် လူငယ်ဂုဏ်ပြုတေးသီချင်းနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကတို့ဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ လူငယ်များဗလငါးတန် ဖွံ့ဖြိုးရေးအတွက် အသိပညာပေး ဟောပြောခြင်းနှင့် လူငယ်စုံညီပွဲတော်ကျင်းပရေးကော်မတီမှဦးစီး၍ လူငယ်များအချင်းချင်း ချစ်ကြည်စည်းလုံးမှုကိုအခြေခံသည့် စုပေါင်း Game ကစားခြင်းများပြုလုပ်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး အစီအစဉ်အရ ရှမ်းပြည်နယ် ယဉ်ကျေးမှုပြတိုက်နှင့် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်တို့အား လေ့လာကြကြောင်း သိရသည်။ **(၄၀၅)**

## ကမမောင်း



ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကမမောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားကို ဩဂုတ်လ ၁၂ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်က ကျောင်းသား၊ ကျောင်းသူများ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ပြီး အသိပညာဗဟုသုတပြည့်စုံသည့် လူတော်၊ လူကောင်းများပေါ်ထွက်လာစေရန်ရည်ရွယ်၍ အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဖာပွန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် အသိပညာ၊ အတတ်ပညာ ကြွယ်ဝပြည့်စုံပြီး အကျင့်စာရိတ္တကောင်းမွန်သည့် လူတော်လူကောင်းများဖြစ်အောင် ကျင့်ကြံနေထိုင်ကြစေလိုကြောင်း၊ မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးစိုင်းကျော်နန္ဒက လူငယ်နှင့်ပတ်သက်သည့် ကျင့်ဝတ်များ၊ စည်းကမ်းများအကြောင်း၊ ကမမောင်းမြို့ နယ်မြေရဲစခန်းမှ ဒုတိယရဲအုပ်ဝင်းကိုကိုထက်က မူးယစ်ဆေးဝါးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများအကြောင်းတို့ကို အသီးသီးပြောကြားကြသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာကြသောကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြောင်းသိရသည်။ **ကျော်ဝဏ္ဏ(ပြန်/ဆက်)**

# နှလုံးသွေးကြောကျဉ်းရောဂါနှင့် ဆင်ခြင်စရာများ

**“ဆရာဝန်ကြီးက ကရုဏာဒေါသောနဲ့ ပြောပါတယ်။ ခင်ဗျား ခြေလေးချောင်း၊ ခြေနှစ်ချောင်းတွေ ဘယ်လောက်ရှောင်နေနေ၊ သက်သတ်လွတ်ပဲစားစား၊ မီးလွတ်ပဲစားနေဦးတော့ ဆေးလိပ်မဖြတ်ရင်တော့ အလကားပဲ။ နှလုံးသွေးကြောမကဘူး။ တစ်ကိုယ်လုံးက သွေးကြောတွေ၊ မျက်စိသူငယ်အိမ်က သွေးကြောတွေအထိ ကျဉ်းသွားနိုင်တယ်။ နောက်ဆုံး လေဖြတ်နိုင်တယ်လို့ဆိုပါတယ် . . .”**

နှလုံးရောဂါက လူနေထူထပ်တဲ့ မြို့ကြီးပြကြီးတွေမှာ ပိုပြီးအဖြစ်များပါတယ်။ မြို့ပြမှာ လူနေထူထပ်ပြီး မော်တော်ယာဉ်တွေ၊ စက်ရုံတွေကနေထွက်တဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့တွေ ရှူရှိုက်ရတယ်။ လေကောင်းလေသန့်မရဘူး။ ကျေးလက်ဒေသတွေမှာတော့ လေကောင်းလေသန့်အပြည့်အဝ ရှူရှိုက်ရတာဆိုတော့ အောက်ဆီဂျင်ရဖို့ အထောက်အပံ့ဖြစ်စေပါတယ်။

နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ရတဲ့အကြောင်းရင်းတွေမှာ လေထုညစ်ညမ်းမှု၊ ဆေးလိပ်၊ အရက်၊ အဆီစားသုံးမှုများတာနဲ့ စိတ်ဖိစီးမှုတွေကြောင့်လို့ နှလုံးအထူးကုဆရာဝန်ကြီးတွေက သုံးသပ်ထားပါတယ်။

စာရေးသူကိုယ်တိုင် မန္တလေးမြို့ နှလုံးရောဂါအထူးကုဆေးရုံမှာ ဆေးရုံတစ်ညတက်ဖူးပါတယ်။ ကိုယ့်မှာ ရောဂါတစ်ခုခုရတော့မယ်ဆိုရင် တိုင်းရင်းဆေးဆရာဆိုတော့ ကြိုသိတာကြောင့် ဆေးရုံတစ်ညတက်ပြီး ကုသမှုခံယူရပါသေးတယ်။

စာရေးသူငယ်စဉ် အလယ်တန်းကျောင်းသားဘဝကတည်းက လူကြီးတွေကိုအတုယူပြီး ဆေးလိပ်ခိုးသောက်ဖူးပါတယ်။ ကိုးတန်းကျောင်းသားဘဝကတည်းက သောက်ခဲ့တာပါ။ ဆေးပေါ့လိပ်ကို စပြီးသောက်တတ်တာပါ။ စာအုပ်တွေအများကြီးဖတ်ပြီး ဆရာကြီးရွှေဥဒေါင်းကိုအားကျပြီး အိမ်က အဖိုးရဲ့ဆေးတံကိုတောင် ခိုးသောက်ခဲ့ဖူးပါတယ်။ တက္ကသိုလ်ရောက်တော့ စီးကရက်ပေါ့။

အသက် ၁၆ နှစ်လောက်က စသောက်ခဲ့တာ အသက် ၄၄ နှစ်အထိ ကြားမှာ နှစ်နှစ်ဆေးလိပ်ပြတ်ဖူးပါတယ်။ ဒါပေမဲ့ ပြန်သောက်တာပဲ။ အဲဒီလောက်အချိန်ကြာကြာသောက်ခဲ့တော့ ဆေးလိပ်ရဲ့ဆိုးကျိုးက တစ်ချိန်မှာတော့ ပြလာတာပေါ့။ တစ်ခါတစ်ရံ ဘယ်ဘက်ရင်ဘတ်ထဲမှာ အပ်နဲ့ထိုးသလို စူးခနဲစူးခနဲ ဖြစ်လာတယ်။ ဒါကိုလည်း အမှုမဲ့အမှတ်မဲ့နေခဲ့သေးတယ်။ အသက် ၅၀ ရောက်လာတော့ ဘယ်ဘက်ရင်ဘတ်က သိသိသာသာကြီး အောင့်လာလို့ တစ်ခါတစ်ရံ ရေနွေးအိတ်ကပ်ရတယ်။ နှလုံးတည့်တည့်မှာ တိုင်းရင်းဆေးတွေလိမ်းရတယ်။ ပေါ်လိုက်ပျောက်လိုက်နဲ့ ကြာလာတော့မှ နှလုံးအထူးကုဆရာဝန်ကြီးတစ်ဦးဆီမှာ ပြဖြစ်တယ်။ ဆရာဝန်ကြီးကို ကိုယ်က တိုင်းရင်းဆေးဆရာတစ်ဦးဖြစ်ကြောင်း၊ ငယ်စဉ်က ဆေးလိပ်သောက်ခဲ့တာက စပြီး အခုတိုင်းရင်းဆေးလိမ်းနေရတာတွေအထိ ဖြစ်ကြောင်းပြောပြတယ်။ ဆရာဝန်ကြီးက ထုံးစံအတိုင်း သွေးပေါင်ချိန်၊ သွေးစစ်၊ ECG ဆွဲလုပ်တာပေါ့။ ရလာတဲ့အဖြေကတော့ RBBB လို့ခေါ်တဲ့ ညာဘက်ခြမ်းက နှလုံးပတ်သွေးကြောတွေ ကျဉ်းနေတယ်။ ကျန်တာကတော့ ပုံမှန်ပါပဲ။ သွေးစစ်အဖြေကတော့ သွေးတွင်းအဆီ (ကိုလက်စထရော)များနေတယ်။ ၂၁၀ ကျော်နေတယ်။ ဆရာဝန်က ၂၀၀ အောက်ရှိစေချင်တာပါ။

ဆရာဝန်ကြီးရဲ့ ညွှန်ကြားချက်အတိုင်း ဆေးတွေသောက်တယ်။ သက်သာပြီး ပျောက်ကင်းသလောက်ဖြစ်လာပါတယ်။ ကိုယ်သိလိုသမျှ ဆွေးနွေးလို့ရတဲ့ ဆရာဝန်ကြီးနဲ့လည်း ပိုခင်မင်ရင်းနှီးလာပါတယ်။ ဆေးသောက်လိုက်လို့ ရောဂါပျောက်သလောက်ဖြစ်တဲ့အခါ ခပ်ပေါ့ပေါ့ပဲနေတယ်။ ဆေးလိပ်ကလည်း မပြတ်သေးဘူး။ လျှော့တော့သောက်ပါတယ်။ အရှင်းမဖြတ်နိုင်သေးပါဘူး။ ဒီလိုနဲ့ နောက်ပိုင်းဆေးတောင်မှန်မှန်မသောက်တော့ပါဘူး။ အသက် ၅၃ နှစ်ရောက်တော့ ရင်ဘတ်ပြန်အောင့်လာတယ်။ ခေါင်းအုံပြီး ဇက်ကြောတက်လာတယ်။ တစ်ခါတစ်ရံ မျက်စိအမြင်တွေ ဝေဝါးသလို ဖြစ်လာတယ်။ ဒါနဲ့ မိတ်ဆွေဆရာဝန်ကြီးထံ နောက်တစ်ကြိမ် ထပ်ပြရတယ်။ သွေးပေါင်ချိန်လိုက်တော့ အပေါ်သွေး ၁၄၀ မီလီမီတာ/ ပြဒါးနဲ့ အောက်သွေး ၉၅ မီလီမီတာ/ ပြဒါး (140/95 mmHg) သွေးတိုးစနေပါပြီ။ ဆရာဝန်ကြီးက ကရုဏာဒေါသောနဲ့ ပြောပါတယ်။ ခင်ဗျား ခြေလေးချောင်း၊ ခြေနှစ်ချောင်းတွေ ဘယ်လောက်ရှောင်နေနေ၊ သက်သတ်လွတ်ပဲစားစား၊ မီးလွတ်ပဲစားနေဦးတော့ ဆေးလိပ်မဖြတ်ရင်တော့ အလကားပဲ။ နှလုံးသွေးကြောမကဘူး။ တစ်ကိုယ်လုံးက သွေးကြောတွေ၊ မျက်စိသူငယ်အိမ်က သွေးကြောတွေအထိ ကျဉ်းသွားနိုင်တယ်။ နောက်ဆုံး လေဖြတ်နိုင်တယ်လို့ ဆိုပါတယ်။

ဒါကြောင့် အသက် ၅၃ နှစ်မှာ ဆေးလိပ်ဖြတ်၊ အဆီများတဲ့အစာတွေရှောင်ရပါတယ်။ ကြက်၊ ဝက်၊ အမဲ စတဲ့ခြေနှစ်ချောင်း၊ ခြေလေးချောင်းတွေကတော့ မစားတာကြာပါပြီ။ ၁၉၉၅ ခုနှစ် စာရေးသူရဲ့အမေ ဆုံးပြီးကတည်းက လှူလိုက်တာပါ။ ဒါတောင်မှ နှလုံးနဲ့သွေးကြောတွေ အဆီတက်ရသေးတယ်။ ဘာကြောင့်လဲ။ စာတွေပြန်ဖတ်၊ အဆီတွေအမျိုးမျိုးအကြောင်း လေ့လာကြည့်တော့မှ နှစ်ခါပြန်ကျော်တဲ့ ဆီတွေကြောင့်ဆိုတာ သိလိုက်ရတယ်။

စာရေးသူက အသားမစားဘဲ ငါးပဲစားနေတော့ အိမ်က ငါးဟင်း၊ ငါးကြော်အပြင် အသင့်စားလို့ရတဲ့ ရောင်းတမ်း ကြက်သွန်ကြော်၊ ပဲကြော်၊ ဗယာကြော်၊ တိုဟူးကြော်၊ ဟင်းရွက်ကြော်တွေကို အပြင်က နေ့စဉ်ဝယ်စားလေ့ရှိပါတယ်။ ဝက်ဆီ၊ စားအုန်းဆီတွေက ဆိုးကျိုးရှိတာ လူတိုင်းသိတယ်။ ဒါပေမဲ့ တစ်ခါသုံးပြီးသား ဆီဟောင်းကို နောက်တစ်ခါပြန်ကြော်တဲ့ဆီတွေက ဘယ်လောက်ဒုက္ခပေးတယ်ဆိုတာ လူတိုင်းမသိကြဘူး။ ဝက်သား၊ ထောပတ်၊ မလိုင်တွေစားပြီး လေဖြတ်တဲ့သူဌေးတွေ ဆေးရုံရောက်သွားတာသာ လူသိကြတာ။ အခြေခံလူတန်းစားတွေ အကြော်နဲ့ထမင်းစားပြီး နှလုံးသွေးကြောအဆီတက်၊ လေဖြတ်၊ ဦးနှောက်သွေးကြောပြတ်ပြီး ဆေးရုံတောင်မရောက်လိုက်တာ ဘယ်သူမှမသိလိုက်ကြဘူး။ စားအုန်းဆီကို ဈေးပေါပေါနဲ့သုံးနေကြတဲ့ အခြေခံလူတန်းစားတွေမှာ ပိုပြီးလေဖြတ်တာများပါတယ်။

စားအုန်းဆီပါတဲ့အကြော်ဆီတွေက အကြော်ကို ကြွပ်ရွစေတာကြောင့် အသုံးများကြတယ်။ ဆီသန့်နဲ့ကြော်ရင် သိပ်ပြီးမကြွပ်ရွဘူး။ ဆီဈေးကြီးတာကြောင့် ဈေးပေါတဲ့ အရောဆီကိုပဲ သုံးနိုင်ကြတာလည်းပါပါတယ်။

အသည်းအထူးကုဆရာဝန်ကြီးတစ်ဦး ရေးတဲ့စာထဲမှာ လူတစ်ယောက်ကို အဆီလျှော့ဖို့ လမ်းလျှောက်ခိုင်းတယ်။ သူနှစ်မိုင်လောက်လျှောက်လို့ ကျသွားတဲ့ အဆီပိုနဲ့ အိမ်ပြန်ရောက်လို့ နံနက်စာ အဆာပြေစားလိုက်တဲ့အခါ အကြော်တစ်ခုမှာပါတဲ့ အဆီပို၊ မကောင်းတဲ့အဆီ ကယ်လိုရီကို တွက်ကြည့်လိုက်တဲ့အခါ အတူတူလောက် ညီမျှနေတော့ နံနက်က လမ်းလျှောက်ခဲ့တာ အလကားဖြစ်သွားတယ်။ လမ်းလျှောက်လို့ လျှော့ချနိုင်တဲ့အဆီက အကြော်တစ်ခုကြောင့် ပြန်တက်လာတယ်။ ဒါသတိထားသင့်တဲ့အချက်တစ်ခုပါပဲ။

နှလုံးဆိုတာ လူ့ခန္ဓာကိုယ်တစ်ခုလုံးကို သွေးပို့လွှတ်ပေးရတဲ့ အရေးကြီးဆုံးအစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ လူရဲ့အသက်ဖြစ်တဲ့ သွေးထောက်ပံ့မှုရဖို့ နှလုံးကျန်းမာရေးကို အထူးဂရုစိုက်ရာမှာ နေ့စဉ်ပုံမှန်လမ်းလျှောက်သင့်တဲ့အပြင် နေ့စဉ် စားနေတဲ့ အစားအသောက်တွေမှာလည်း မသန့်ရှင်းတဲ့ဆီတွေ ပါနေတာကို ဂရုစိုက်ကြဖို့ အကြံပြုရေးသားလိုက်ရပါတယ်။ ။

ကြည်လွင်မြင့်(မုဒြာ)

## ONE Friday Fights–81 ပြိုင်ပွဲတွင် စိုးလင်းဦးနှင့် နာဘယ်လ် ထိုးသတ်မည်

ရန်ကုန် ဩဂုတ် ၁၂

စက်တင်ဘာလ ၂၇ ရက်တွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် ONE Friday Fights–81 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ စိုးလင်းဦးတွဲဆိုင်း ပါဝင်လာမည်ဖြစ်ပြီး အယ်လ်ဂျီးရီးယား/ထိုင်းနိုင်ငံသား နာဘယ်လ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

ONE Championship နှင့် လက်တွဲပြီးနောက် အလဲထိုးနိုင်ပွဲများဖြင့် နာမည်ကျော်လာသည့် စိုးလင်းဦးသည် စက်တင်ဘာလတွင် စတုတ္ထမြောက်ပွဲ ထိုးသတ်ရမည်ဖြစ်သည်။ စိုးလင်းဦးသည် ONE Championship နှင့် ယခုနှစ်မှ စတင်လက်တွဲခြင်းဖြစ်ပြီး သုံးပွဲထိုးသတ်ရာတွင် သုံးပွဲစလုံးအနိုင်ရခဲ့ခြင်းဖြစ်သည်။ စိုးလင်းဦးသည် ဂျပန်နိုင်ငံသား တက်ဆူဟာရှိကို တတိယအချီတွင်လည်းကောင်း၊ ပေါ်တူဂီနိုင်ငံသား ဖေဘီယိုကို ဒုတိယအချီတွင်လည်းကောင်း၊ ထိုင်းနိုင်ငံသား ပေါင်ဆရီကို ဒုတိယအချီတွင်လည်းကောင်း အလဲထိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ စိုးလင်းဦးသည် ပေါင်ဆရီကို အနိုင်ရပြီးနောက် ONE Championship နှင့် ဒေါ်လာတစ်သိန်းတန်စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး ပရိသတ်အကြိုက်တွေ့နေသည့် ဖိုက်တာတစ်ဦးဖြစ်လာသည်။




စိုးလင်းဦးနှင့်ထိုးသတ်မည့် နာဘယ်လ်သည် ONE Championship နှင့် ၂၀၂၃ ခုနှစ်တွင် စတင်လက်တွဲခဲ့ပြီး စုစုပေါင်း ငါးပွဲထိုးသတ်ရာ လေးပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။ နာဘယ်လ်သည် ပထမဆုံးပွဲတွင် အရေးနိမ့်ခဲ့သော်လည်း နောက်လေးပွဲ ဆက်တိုက်အနိုင်ရထားခြင်းဖြစ်သည်။

ညီမြတ်သော်တာ

ဓာတ်ပုံ–ONE Championship

## ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဒေသထွက်သီဟိုဠ်စေ့ပိဿာချိန် ၇၅၀၀၀၀ အထိ တင်ပို့ရောင်းချ

ဟသ်ာတ ဩဂုတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဒေသထွက်သီဟိုဠ်စေ့ ပိဿာချိန် ၇၅၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟသ်ာတမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ကြည်ငွေး၏ပြောပြချက်အရ သိရသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လက သီဟိုဠ်စေ့ပိဿာချိန် ၄၅၀၀၀၀ သာ တင်ပို့ရောင်းချခဲ့ပြီး ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း သီဟိုဠ်စေ့ပိဿာချိန် ၇၅၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

“ဟသ်ာတမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို သီဟိုဠ်စေ့တွေ တင်ပို့ရောင်းချအားကောင်းလာပါတယ်။ ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချတဲ့ သီဟိုဠ်စေ့တွေက နွေကာလက လက်ကျန်သီဟိုဠ်စေ့တွေပါ။ ဒေသထွက်သီဟိုဠ်စေ့တွေကို ကုန်ချောအဖြစ်ပြုလုပ်ပြီး ရေကြည်မြို့နယ်ကတစ်ဆင့် ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတာဖြစ်ပါတယ်”ဟု ဒေါ်ကြည်ငွေးကပြောသည်။

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြောင်းမြခရိုင်၊ ဟသ်ာတခရိုင်၊ လပွတ္တာခရိုင်၊ ပုသိမ်ခရိုင် စသည့်ခရိုင်တို့၌ သီဟိုဠ်စိုက်ဧကပေါင်း ၆၅၀၀၀ အထိရှိပြီး ထွက်ရှိလာသောသီဟိုဠ်စေ့များကို ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများကဝယ်ယူ၍ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

သုတကျော်

# အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် ရွှေနှစ်ခု၊ ငွေနှစ်ခု ဆွတ်ခူးရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာအားကစားအဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



ရန်ကုန် ဩဂုတ် ၁၂

အင်ဒိုနီးရှားနိုင်ငံ ဘာတန်ကျွန်း၌ ဩဂုတ်လ ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပသည့် (၅၆)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခုဆွတ်ခူးကာ နိုင်ငံ့ဂုဏ်ဆောင်ခဲ့သော မြန်မာအားကစားအဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အောင်ပွဲရ မြန်မာအားကစားအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်)ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းနှင့်တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘဆွေမျိုးများက အိုးစည်ဒိုးပတ်အကများဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူတို့က အောင်ပွဲရ နိုင်ငံ့ဂုဏ်ဆောင် မြန်မာအားကစားအဖွဲ့အား တစ်ဦးချင်းလိုက်လံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ယင်းအားကစားပြိုင်ပွဲသို့ နိုင်ငံပေါင်း ၂၂ နိုင်ငံမှ အားကစားသမား ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း မြန်မာနိုင်ငံကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်မှ သိရသည်။

**ဝန်းရံခ**

# ရာဇဝတ်အထူးအယူခံမှု(၁)မှုနှင့် တရားမအထူးအယူခံမှု(၅)မှုတို့ကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု (၁)မှုနှင့် တရားမအထူးအယူခံမှု (၄)မှုတို့ကို ရုံးထိုင်ကြားနာ


နေပြည်တော် ဩဂုတ် ၁၂

ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးကြည်သိန်း၊ ဒေါ်ခင်မေရီ၊ ဦးသောင်းနိုင်၊ ဒေါ်သင်းသင်းနွဲ့တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၅/၂၀၂၄ (မန္တလေး)နှင့်တရားမအထူးအယူခံမှုအမှတ် ၆/၂၀၂၄ (မန္တလေး)၊ ၃၀/၂၀၂၄ (ကချင်)၊ ၃၇/၂၀၂၄ (ရန်ကုန်)၊ ၃၉/၂၀၂၄ (ပဲခူး)နှင့် ၄၀/၂၀၂၄ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု(၁)မှုနှင့် တရားမအထူးအယူခံမှု (၅)မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၃/၂၀၂၄ (ကယား)နှင့် တရားမအထူးအယူခံမှုအမှတ် ၅/၂၀၂၄(ရှမ်း)၊ ၁၄/၂၀၂၄ (မွန်)၊ ၂၃/၂၀၂၄ (ရှမ်း)၊ ၄၂/၂၀၂၄ (ဧရာဝတီ) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၁)မှုနှင့် တရားမအထူးအယူခံမှု (၄)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မိုးလေဝသ သတင်း




# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ်(၉၆) သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ် (၉၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို အုန်းတောခန်းမ၌ ယနေ့နံနက် ၈ နာရီတွင်ကျင်းပရာ ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး) ဒေါ်မူမူမြင့်က သင်တန်းဖွင့်မိန့်ခွန်းပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

စာရေးဝန်ထမ်း ကြီးကြပ်သင်တန်း အမှတ်စဉ်(၉၆)သို့ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများမှ သင်တန်းသား ၁၆ ဦး၊ သင်တန်းသူ ၆၆ ဦး စုစုပေါင်း ၈၂ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ်လ ၁၂ ရက်မှ အောက်တိုဘာလ ၂၃ ရက်အထိ ရက်သတ္တ ၁၀ ပတ်ကြာ တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၆) နောက်ဆုံးပွဲစဉ်တွင် ဒဂုံစတားအသင်းက မဟာယူနိုက်တက်အသင်းကို ၃ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိ



ရန်ကုန် ဩဂုတ် ၁၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ကစားခဲ့ရာ ဒဂုံစတားအသင်းက ၃ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံးခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့သော်လည်း ဒဂုံစတားအသင်းက ပိုမိုထိရောက်သည့် တိုက်စစ်ဆင်မှုများပြုလုပ်နိုင်ခဲ့ပြီး ပွဲချိန် ၁၁ မိနစ်တွင် ဆွမ်လမန်က ဒဂုံစတားအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ဒဂုံစတားအသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း မဟာယူနိုက်တက်အသင်းက ချေပဂိုးအတွက် ပြန်လည်ဖိအားပေးခဲ့သော်လည်း ဒဂုံစတားအသင်းခံစစ်ကစားသမားများက အမှားအယွင်းမရှိ အကောင်းဆုံး ထိန်းချုပ်ကစားနိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၈၀ တွင် ဇော်ရဲထွန်းက ဒုတိယဦးဆောင်ဂိုးနှင့် ပွဲချိန် ၉၃ မိနစ်တွင် ငြိမ်းချမ်းအောင်က ဒဂုံစတားအသင်းအတွက် တတိယဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဒဂုံစတားအသင်းက မဟာယူနိုက်တက်အသင်းကို ၃ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ဒဂုံစတားအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုး တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူး ဆွမ်လမန်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**စည်သူအောင်**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ပဲခူးမြို့၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် အမျိုးသား/အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကျင်းပ

ပဲခူး ဩဂုတ် ၁၂

ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီမှကြီးမှူးကျင်းပသော ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် အမျိုးသား/အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကို ယနေ့နံနက် ၆ နာရီတွင် ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း၌ကျင်းပသည်။

ရှေးဦးစွာ ၂၀၂၄ ခုနှစ်အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အမျိုးသား/အမျိုးသမီး စက်ဘီးစီးအားကစားသမားများအား ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာ ဦးစီးဌာနရုံးရှေ့မှတစ်၍ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က သေနတ်ဖောက်၍ တာလွှတ်ပေးပြီး ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း ပဲခူးမြို့အဝင် တိုက်ကြီးအလွန် တိုက်ကြီး-ဖောင်ကြီးလမ်းဆုံအထိ အသွား/အပြန် ၁၅ မိုင် ယှဉ်ပြိုင်ခဲ့ကြသည်။

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် အမျိုးသား/အမျိုးသမီးစက်ဘီးစီးပြိုင်ပွဲသို့ အမျိုးသား၊ အမျိုးသမီးစုစုပေါင်း ၁၂၃ ဦး ပါဝင်ယှဉ်ပြိုင်ကြရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ စက်ဘီးစီး အားကစားဝါသနာရှင်များ၊ တိုင်းရင်းသားယဉ်ကျေးမှု အတီး/အက အဖွဲ့များက လာရောက်ကြည့်ရှုအားပေးကြပြီး ပန်းဝင်သူများအား ပန်းကုံးစွပ်၍ ကြိုဆိုခဲ့ကြသည်။



ဆက်လက်၍ မြို့တော်ခန်းမ၌ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပရာ ပဲခူးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများက “လူငယ်စွမ်းရည်” တေးသီချင်းဖြင့် သီဆိုဖျော်ဖြေပွဲဖွင့်လှစ်ပြီး ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ်အမျိုးသားစက်ဘီးစီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကလည်းကောင်း၊ အမျိုးသား/အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲဝင် အဆင့်(၄)မှ အဆင့် (၂၀)အထိ ဆုရရှိသူများနှင့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများအား ငွေသားဆုနှင့် ဆုတံဆိပ်များကို တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့်တာဝန်ရှိသူများကလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း Video Clip အားကြည့်ရှုကြပြီး တိုင်းဒေသကြီးအတွင်း လူငယ်ရေးရာနှင့်ပတ်သက်သည့် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ပြိုင်ပွဲဝင်ဆုရ ဆောင်းပါးနှင့် စာစီစာကုံးများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

## အသိပေးကြေညာချက်

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်း ၁ နှစ် (အတိုးနှုန်း ၁ %) ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှ စတင်၍ ချေးငွေများ ထုတ်ချေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း ၃ နှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်သည့် ကုမ္ပဏီ/ လုပ်ငန်းများအား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ချေးငွေအရင်းနှင့်အတိုးများအား အမြန်ဆုံးပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။

ချေးငွေအပြေအကျေပေးဆပ်ပြီးသူများအား ကျေးဇူးတင်အသိအမှတ်ပြုကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်- ၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန်ကျန်ရှိနေသည့်-

(၁) အလီလီပေးဆပ်နေသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အမြန်ဆုံး အပြေအကျေပြန်လည်ပေးဆပ်ရမည်ဖြစ်ပါကြောင်း၊

(၂) အတိုးကိုသာပေးသွင်းထားသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အရင်းနှင့်အတိုးကို တစ်ပေါင်းတည်း အမြန်ဆုံးပြန်လည်ပေးသွင်းရန်ဖြစ်ကြောင်း၊

(၃) အတိုး၊ အရင်း လုံးဝမပေးဆပ်သည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အချိန်မီလာရောက်ပေးဆပ်ခြင်းမရှိပါက လုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှထုတ်ပြန်အသိပေးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

**ကျန်းမာရေးဝန်ကြီးဌာန**
**အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ**
**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ**

| | |
|---|---|
| ပထမပတ် | - မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| တတိယပတ် | - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| စတုတ္ထပတ် | - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ




နေပြည်တော် ဩဂုတ် ၁၂

ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ဖူဆယ်အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုခိုင်မာလာစေရေးနှင့် ဖူဆယ်အားကစားအဆင့်အတန်းတိုးတက်မြင့်မားလာစေရေးတို့အတွက် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ် (အမျိုးသား) ပြိုင်ပွဲအုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပခဲ့သည်။

ယနေ့ပြိုင်ပွဲစဉ်များအဖြစ်(အမျိုးသား) အုပ်စုပတ်လည်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၇ ဂိုး ၁ ဂိုးဖြင့် လည်းကောင်း၊ မကွေးတိုင်းဒေသကြီး အသင်းက ချင်းပြည်နယ်အသင်းကို ၃ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ ကချင်ပြည်နယ် အသင်းက မွန်ပြည်နယ်အသင်းကို ၇ ဂိုး ၃ ဂိုးဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ်လ ၁၃ ရက်(**ယနေ့**) နံနက် ၉ နာရီမှစတင်၍ ဖူဆယ်အားကစားရုံ၌ (အမျိုးသား)အုပ်စုပတ်လည်ပြိုင်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ ရှမ်းပြည်နယ်အသင်းနှင့်တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ကယားပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ (အမျိုးသမီး)အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ချင်းပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်း၊ ကချင်ပြည်နယ်အသင်းနှင့်တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဖူဆယ်အားကစားကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **ကျော်လွင်(မြဝတီ)**

၁၂-၈-၂၀၂၄

## ထူးခြားသည့်နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| ချောက် | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| (လေကြောင်းမိုးလေဝသ) | | | | |
| မြစ်ကြီးနား | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၃၅ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| မချမ်းဘော | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ခန္တီး | ၃၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ပဲခူး | ၃၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မြောင်းမြ | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

## သဇင် (FM) အသံလွှင့်အစီအစဉ်

၁၃-၈-၂၀၂၄(အင်္ဂါနေ့)

၁။ ၀၆:၃၀ ခံစားနားဆင် မြန်မာသံစဉ်
၂။ ၀၉:၀၀ အယ်ဒီတာ့အာဘော်
၃။ ၁၁:၅၀ လုပကျွန်းမာ
၄။ ၁၅:၃၀ Opposite Song
၅။ ၁၇:၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ
၆။ ၁၈:၂၀ Online Request Song

# လူငယ်များဘက်စုံထူးချွန်ပြီး အတတ်ပညာရှင်၊ အသိပညာရှင်များ ထွက်ပေါ် လာစေရေး၊ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မှန်ကန်သည့်လမ်းကြောင်းပေါ်ကို ရောက်ရှိစေပြီး နိုင်ငံတော်ကိုအကျိုးပြုမည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရန်အတွက် လူငယ်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

★ စာမျက်နှာ ၁၇ မှအဆက်

ကျင်းပပြုလုပ်ပေးလျက်ရှိကြောင်း။

ကုလသမဂ္ဂအဖွဲ့က ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ချမှတ်ပေးထားသည့် ဆောင်ပုဒ်မှာ **"စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး" ("From Clicks To Progress : Youth Digital Pathways For Sustainable Development")** ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းခြင်းနှင့်အတူ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ ပြည့်မီစေရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာတွင် လူငယ်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လာစေရန် လိုအပ်ကြောင်း တိုက်တွန်းအသိပေးလိုသည့် ရည်ရွယ်ချက်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ ပိုမိုအားကောင်းစေရန်၊ အရည်အသွေးပြည့်မီပြီး သိပ္ပံနှင့် နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရန်၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုလုပ်ငန်းများ အားပေးမြှင့်တင်နိုင်ရန်အတွက် Polytechnic University (၈) ခုကို ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်သည့်အတွက် အရည်အသွေးပြည့်မီသည့် နည်းပညာရှင်လူငယ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ နည်းပညာကျွမ်းကျင်သည့် လူငယ်များ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ စဉ်ဆက်မပြတ် **စာမျက်နှာ ၁၂ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။





၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။



၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားကျင်းပစဉ်။



၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားတွင် တိုင်းရင်းသားယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။

✭ **စာမျက်နှာ ၁၁ မှအဆက်**

ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

ယခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားကို ယခင်နှစ်များနှင့် မတူဘဲ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များကို ဖိတ်ကြားပြီး လူငယ်ဖိုရမ်၊ လူငယ်လေ့လာရေးအစီအစဉ်နှင့် လူမှုအကျိုးပြုလုပ်ငန်းအစီအစဉ်များကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း။

၂၀၁၉ ခုနှစ်၊ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းအစီရင်ခံစာအရ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၃၃ ရာခိုင်နှုန်းကျော်သည် လူငယ်များဖြစ်ကြောင်း သိရှိရသည့်အတွက် မြန်မာနိုင်ငံသည် လူငယ်ထုအင်အား၊ တစ်နည်းအားဖြင့် လုပ်သားအင်အားများပြားသည့် အခြေအနေကောင်းကို ရရှိပိုင်ဆိုင်ထားကြောင်း၊ ယနေ့လူငယ်များသည် အနာဂတ်လူ့ဘောင်ကို ပိုင်စိုးကြမည့်သူများဖြစ်ပြီး အနာဂတ်လူ့ဘောင်ကို ဖန်တီးတည်ဆောက်ကြမည့် နိုင်ငံ့အရင်းအမြစ်များဖြစ်ကြကြောင်း၊ တစ်နည်းအားဖြင့် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များပင်ဖြစ်ကြောင်း။

လူငယ်များကို စနစ်တကျ မှန်မှန်ကန်ကန် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ အနာဂတ်နိုင်ငံတော်ကို မြင့်မားတိုးတက်အောင် တည်ဆောက်သွားနိုင်မည်ဖြစ်ကြောင်း၊ စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ်မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်စုံကြသည့် လူငယ်များဖြင့်သာ နိုင်ငံကိုကောင်းအောင် တည်ဆောက်သွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်နှင့် ပြည့်စုံအောင် လေ့ကျင့်ပျိုးထောင်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်(၃)ရပ်အနက် တတိယအချက်ဖြစ်သည့် **"နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"** ဟု ချမှတ်ထားရှိကြောင်း၊ ထို့ကြောင့် လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

လူငယ်များဘက်စုံထူးချွန်ပြီး အတတ်ပညာရှင်၊ အသိပညာရှင်များ ထွက်ပေါ်လာစေရေး၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မှန်ကန်သည့်လမ်းကြောင်းပေါ်ကို ရောက်ရှိစေပြီး နိုင်ငံတော်ကိုအကျိုးပြုမည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရန်အတွက် လူငယ်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ၊ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်လူငယ်ရေးရာကော်မတီတို့ကို ဖွဲ့စည်းထားရှိပေးပြီးလည်းဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုထိရောက်ကျယ်ပြန့်စွာ မြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

စည်းလုံးညီညွတ်ပြီး သဟဇာတဖြစ်သည့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကို ထူးချွန်ထက်မြက်သည့်၊ ကျန်းမာကြံ့ခိုင်သည့်၊ တွေးခေါ်နိုင်စွမ်းရှိပြီး အကျင့်စာရိတ္တကောင်းမွန်သည့်၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် လူကောင်းလူတော်များဖြင့်သာ ဖန်တီးဖော်ဆောင်ပေးနိုင်မည်ဖြစ်သောကြောင့် နိုင်ငံ၏အနာဂတ်အတွက် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ကော်မတီများနှင့် တာဝန်ရှိသူအားလုံးက ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုအားကောင်းစွာဖြင့် ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ်များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မှပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း Video Clip အား ကြည့်ရှုကြသည်။

ထို့နောက် လူငယ်ဂုဏ်ပြုတေးသီချင်းနှင့် တိုင်းရင်းသားယဉ်ကျေးမှုအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများကကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်မှတ်တမ်းဓာတ်ပုံပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# “လူငယ်ပွဲတော်မှာ တက်ကြွပျော်ရွှင်နေတဲ့လူငယ်တွေ များစွာတွေ့ခဲ့ရတဲ့အတွက် နိုင်ငံတော်အတွက် အားတက်မိပါတယ်”

မောင်ဒယ်နီယယ်မျိုးထွန်း(ဆုရထူးချွန်လူငယ်)

နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များ၏အရေးပါသောအခန်းကဏ္ဍကို အသိအမှတ်ပြုသည့်အနေဖြင့်လည်းကောင်း၊ လူငယ်များ၏အခွင့်အရေးများ အပြည့်အဝဖော်ဆောင်ပေးနိုင်ရေးအတွက်လည်းကောင်း ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာကျင်းပဆောင်ရွက်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များ၊ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများမှ လူငယ်ကိုယ်စားလှယ်များနှင့် နယ်ပယ်ပေါင်းစုံမှ လူငယ်ကိုယ်စားလှယ်များ စိတ်ပါဝင်စားစွာတက်ရောက်ခဲ့ကြရာ ၎င်းတို့နှင့်တွေ့ဆုံ၍ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်အများအပြားမွေးထုတ်ပေးစေလိုသည့် အခြေအနေများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလိုသည့် လူငယ်များ၏ သဘောထားအမြင်များကိုတွေ့ဆုံမေးမြန်း မျှဝေပေးလိုက်ရပါသည်။

**မောင်ဖိုးပြုံး**
**(ကယားပြည်နယ်လူငယ်ကိုယ်စားလှယ်)**



လူငယ်တွေအားတက်စေမယ့် အခမ်းအနား၊ ပွဲတော်တွေကို ကိုယ်တိုင်ကိုယ်ကျတက်ရောက်ချင်ခဲ့တာကြာပါပြီ။ ဒါကြောင့် လူငယ်တွေကို အခွင့်အရေးပေးပြီး အသိပညာ၊ အတတ်ပညာတွေ မျှဝေပေးမယ့် ဒီလိုအခမ်းအနားကြီးကို တက်ရောက်ရတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ နောက်ပြီး လူငယ်ဖိုရမ်မှာလည်း ကဏ္ဍအလိုက် ကျွန်တော်တို့လို လူငယ်တွေ သိသင့်သိထိုက်တဲ့ အကြောင်းအရာတွေကို ဆွေးနွေးမျှဝေသွားမယ်လို့လည်း သိရပါတယ်။ ဒီဖိုရမ်ကနေ ကျွန်တော်သိရသမျှ အကြောင်းအရာတွေကို ကျွန်တော့်ပြည်နယ်က ပြည်သူတွေကို ပြန်လည်မျှဝေပေးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ နောက်ပြီး တိုင်းရင်းသားလူငယ်တွေရဲ့ ချစ်စရာကောင်းတဲ့ ဓလေ့ထုံးစံတွေကို မြင်တွေ့လေ့လာခွင့်ရတဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်။ လူငယ်တွေဆိုတာ အနာဂတ်ရဲ့ ခေါင်းဆောင်တွေဖြစ်တဲ့အတွက် အချိန်နဲ့တစ်ပြေးညီ ကြိုးစားကြစေလိုပါတယ်။ ကိုယ်ကြိုးစားပြီးရရှိလာတဲ့ ပညာရပ်တွေကို နိုင်ငံတော်အတွက် အသုံးပြုပေးကြဖို့ကိုလည်း တိုက်တွန်းလိုပါတယ်။

**မမူမူစိုး**
**(ကချင်ပြည်နယ်လူငယ်ကိုယ်စားလှယ်)**



ကျွန်မကတော့ ကချင်ပြည်နယ်ကိုယ်စားပြုအနေနဲ့ လူငယ်ပွဲတော်ကိုလာရောက်ပြီးတော့ ပါဝင်တာဖြစ်ပါတယ်။ နောက်ပြီး လူငယ်ဖိုရမ်မှာလည်း လူငယ်နှင့်ယဉ်ကျေးမှုဆိုတဲ့ခေါင်းစဉ်နဲ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အခုလို လူငယ်တွေအတွက် ဆောင်ရွက်ပေးတဲ့ပွဲတော်မှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေနဲ့အတူ ပါဝင်တက်ရောက်ခွင့်ရတဲ့အတွက် အင်မတန်မှကို ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီလိုအခွင့်အရေးကြီးမှာ လူငယ်တွေအတွက် အကျိုးရှိစေမယ့်အကြောင်းအရာတွေကို လူငယ်တွေ အချင်းချင်း ဆွေးနွေးမျှဝေသွားမှာဖြစ်ပါတယ်။ ပွဲတော်ပြီးလို့ ကျွန်မတို့ပြည်နယ်ကို ပြန်ရောက်တဲ့အခါကျရင်လည်း ပွဲတော်ကရရှိခဲ့တဲ့ အသိပညာဗဟုသုတတွေကို ပြန်လည်မျှဝေပေးသွားမယ်လို့ ရည်ရွယ်ထားပါတယ်။ လူငယ်တွေအနေနဲ့လည်း ကြိုးစားကြပါ။ ကြိုးစားသလောက် ထိုက်တန်တဲ့ရလဒ် ပြန်လည်ရရှိလာမှာဖြစ်ပါတယ်။

**မောင်ဒယ်နီယယ်မျိုးထွန်း**
**(ဆုရထူးချွန်လူငယ်)**



ကျွန်တော်ကတော့ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့မှာကျင်းပတဲ့ International Medical Biochemist Competition ပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရရှိခဲ့တာဖြစ်ပါတယ်။ ပြိုင်ပွဲမှာဆိုရင် နိုင်ငံတကာက လူငယ်တွေကို တွေ့ခဲ့ရတယ်။ သူတို့ ဘယ်လောက်ထိ စိတ်အားထက်သန်တယ်၊ သူတို့ ဘယ်လောက်ထိ ကြိုးစားနေတယ်ဆိုတာကို တွေ့ခဲ့ရတယ်။ အခု ကျွန်တော်တို့နိုင်ငံမှာပြုလုပ်တဲ့ လူငယ်ပွဲတော်မှာလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက တက်ကြွပျော်ရွှင်နေတဲ့လူငယ်တွေကို များစွာတွေ့ခဲ့ရတဲ့အတွက် နိုင်ငံအတွက်အားတက်မိပါတယ်။ ဒီလိုပွဲတော်မှာ ကျွန်တော်ဆုချီးမြှင့်ခံရတဲ့အတွက်လည်း ဂုဏ်ယူမိတယ်။ နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်ဟာ လူငယ်တွေ လက်ထဲမှာရှိနေပါတယ်။ ဒါကြောင့် လူငယ်တွေ အသိပညာ၊ အတတ်ပညာနဲ့ မှန်ကန်တဲ့တွေးခေါ်မှုတွေရှိစေဖို့ အဆင့်မြင့်ပညာရပ်တွေ သင်ကြားပေးဖို့လိုပါတယ်။ ဒီလိုသင်ကြားပေးဖို့ကိုလည်း နိုင်ငံတော်တာဝန်ရှိသူတွေက ဆောင်ရွက်ပေးနေတာကိုလည်း မြင်တွေ့နေရပါပြီ။ ဒါကြောင့် လူငယ်တွေအနေနဲ့ကြိုးစားပြီး မိမိနိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းကနေ ပူးပေါင်းပါဝင်ပေးကြစေလိုပါတယ်။

**မောင်ရဲဝင်းလှိုင်(ရန်ကုန်တိုင်းဒေသကြီး လူငယ်ကိုယ်စားလှယ်)**



ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးကိုကိုယ်စားပြုပြီး အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကို တက်ရောက်ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ လူငယ်ဖိုရမ်မှာ ကဏ္ဍသုံးခုဖြစ်တဲ့ ယဉ်ကျေးမှုကဏ္ဍ၊ နည်းပညာကဏ္ဍနဲ့ စီးပွားရေးကဏ္ဍတွေကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကဏ္ဍသုံးခုထဲက ယဉ်ကျေးမှုကဏ္ဍကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အခုလို လူငယ်ဖိုရမ်တွေ ကျင်းပပေးတဲ့အတွက် လူငယ်တွေဖြစ်ချင်တဲ့ လိုလားချက်ရလဒ်တွေထွက်ပေါ်လာမယ်လို့ မျှော်မှန်းထားပါတယ်။ ဖိုရမ်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်က လူငယ်တွေအားလုံးနဲ့ တွေ့ဆုံခွင့်ရတဲ့အတွက်လည်း အင်မတန်ဝမ်းသာမိပါတယ်။

**မဇင်မေထက်(ဆုရထူးချွန်လူငယ်)**



ကျွန်မကတော့ CAHYA MATA Malay–sian Open Championships 2024 ပြိုင်ပွဲ ၂၈ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရရှိခဲ့ပါတယ်။ ဒီလိုလူငယ်တွေအတွက်ဆောင်ရွက်ပေးတဲ့ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့မှာ ထူးချွန်လူငယ်တစ်ဦးအနေနဲ့ ဆုချီးမြှင့်ခံရတဲ့အတွက်လည်း အတိုင်းမသိဝမ်းသာမိပါတယ်။ နောက်ပြီး ဒီအခမ်းအနားမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက လူငယ်တွေကို စုစုစည်းစည်းတွေ့ရတဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်။ ကိုယ်တိုင်ကလည်း လူငယ်တစ်ယောက်ဖြစ်တဲ့အတွက် လူငယ်တွေ အခွင့်အလမ်းတွေပိုမိုရရှိစေပြီး အားတက်စေမယ့်ဒီလိုအခမ်းအနားတွေ အများကြီး ရှိစေချင်ပါတယ်။ လူငယ်တွေအတွက် အသိပညာ၊ အတတ်ပညာရပ်တွေ သင်ကြားပို့ချပေးသွားမယ့် လူငယ်ဖိုရမ်လည်း ရှိတဲ့အတွက် သေချာဂရုတစိုက်နဲ့ သင်ယူစေလိုပါတယ်။ ကိုယ်သိသမျှ အရင်းခံပြီးတော့လည်း နိုင်ငံနဲ့ လူမျိုးအတွက် ဆောင်ရွက်စေလိုပါတယ်။

**မကြယ်စင်လင်းလက်**
**(ဆုရထူးချွန်လူငယ်)**



ကျွန်မကတော့ ဆေးတက္ကသိုလ်(တောင်ကြီး)ကနေ လူငယ်ဖိုရမ်ပွဲတော်ကို တက်ရောက်ဖို့အတွက် ဖိတ်ကြားခြင်းခံရတာဖြစ်ပါတယ်။ ကျွန်မတို့အဖွဲ့အနေနဲ့ ဆေးတက္ကသိုလ်(တောင်ကြီး)ကနေ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့မှာကျင်းပတဲ့ International Medical Biochemist Competition ပြိုင်ပွဲမှာ အဖွဲ့အလိုက်အနေနဲ့ ဒုတိယဆုရရှိခဲ့ပြီးတော့ တစ်ဦးချင်းအနေနဲ့ ရွှေတံဆိပ်ဆုရရှိခဲ့ပါတယ်။ အခုလို နိုင်ငံတော်အဆင့် လူငယ်ပွဲတော်ကြီးမှာ ဆုချီးမြှင့်ခံရတဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူမိပါတယ်။ နောက်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ပညာတတ်လူငယ်တွေကို တွေ့ဆုံခွင့်ရတဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်။ ကျွန်မတို့နိုင်ငံမှာ လူငယ်တွေအတွက် အခွင့်အလမ်းတွေအများကြီး ဖန်တီးပေးမယ်ဆိုရင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားတစ်ခုဖြစ်လာမှာပါ။ ဒါကြောင့် လူငယ်တွေနဲ့သက်ဆိုင်တဲ့ ပွဲတော်တွေ အများအပြားကျင်းပပေးစေလိုပါတယ်။

**မဖူးပွင့်အောင်**
**(ကယားပြည်နယ်လူငယ်ကိုယ်စားလှယ်)**



ကျွန်မကတော့ လှိုင်ကော်ပညာရေးဒီဂရီကောလိပ်မှာ ပညာသင်ယူနေပါတယ်။ အခုလို လူငယ်တွေကို အသိအမှတ်ပြုပေးပြီး နိုင်ငံတော်အဆင့်အခမ်းအနားနဲ့ ဆောင်ရွက်ပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲတွေကို ကျေးဇူးတင်ရှိပါတယ်။ ဒီလိုအပြည်ပြည်ဆိုင်ရာ လူငယ်များနေ့မှာ လူငယ်ဖိုရမ်ကိုလည်း ထည့်သွင်းထားပါတယ်။ ဒီဖိုရမ်မှာ ကျွန်မတို့ လူငယ်တွေ အနာဂတ်ဖွံ့ဖြိုးတိုးတက်စေမယ့် အကြောင်းအရာတွေကို တင်ပြဆွေးနွေးသွားမှာလည်းဖြစ်ပါတယ်။ နောက်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက တိုင်းရင်းသားညီအစ်ကိုမောင်နှမလူငယ်တွေကိုလည်း တစုတစည်းတည်း တွေ့ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ သူတို့ရဲ့ ဓလေ့ထုံးစံတွေလေ့လာခွင့်ရတဲ့အတွက် ဗဟုသုတများစွာရရှိစေပါတယ်။ ဒီဗဟုသုတတွေကိုလည်း ကျွန်မတို့ ကျောင်းမှာပြန်လည်မျှဝေသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တစ်ထောင့်တစ်နေရာက ကြိုးစားဆောင်ရွက်သွားမယ်လို့ ရည်ရွယ်ထားပါတယ်။ ဒါကြောင့်လူငယ်တွေအနေနဲ့လည်း အသက်ငယ်ရွယ်တုန်းမှာ ပညာတွေ ကြိုးစားသင်ကြားကြပြီး နိုင်ငံရဲ့သားကောင်းရတနာတွေဖြစ်အောင် ဆောင်ရွက်စေလိုပါတယ်။

**တွေ့ဆုံမေးမြန်း–တက်သစ်စ**

**ဓာတ်ပုံ–လုလင်ငယ်**

# မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်သံအမတ်ကြီး မစ္စတာ မူဘာရက်(ခ်) အမ်အေအလက်ဝါနီကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၁၂

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်သံအမတ်ကြီး မစ္စတာ မူဘာရက်(ခ်) အမ်အေအလက်ဝါနီကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ကူဝိတ်သံအမတ်ကြီးကို မြန်မာနိုင်ငံနှင့် ကူဝိတ်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန် ဆောင်ရွက်နိုင်ခဲ့ခြင်းများအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာ-ကူဝိတ်နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသောဆက်ဆံရေး ပိုမိုမြှင့်တင်ရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုအပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ဆောင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

# မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်မည့် မစ္စ ကောင်းဖျင်က ၎င်း၏ခန့်အပ်လွှာကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ လာရောက်ပေးအပ်



နေပြည်တော် ဩဂုတ် ၁၂

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်မည့် မစ္စ ကောင်းဖျင် (Ms. Gao Ping)က ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ဂါရဝပြုတွေ့ဆုံပြီး ၎င်း၏ခန့်အပ်လွှာကို လာရောက်ပေးအပ်သည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်

နေပြည်တော် ဩဂုတ် ၁၂

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများဂုဏ်ပြုပေးအပ်ခြင်းကို အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ဧည့်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် အလှူရှင်များက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငွေကျပ်နှစ်ဆယ့်တစ်သိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများအား ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းထံ စေတနာရှင်အလှူရှင်များက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများဂုဏ်ပြုပေးအပ်စဉ်။

အဆိုပါ စားသောက်ဖွယ်ရာများအား ရှေ့တန်းစစ်မျက်နှာ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချုံချုံ တာဝန်ထမ်းလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၂°C | / | ၃၁.၈°C |
| ရန်ကုန် | ၂၆°C | / | ၃၃.၃°C |
| မန္တလေး | ၂၅°C | / | ၃၂.၄°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ၂၀၂၅ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ စတင်ကျင်းပ



နေပြည်တော် ဩဂုတ် ၁၂

၂၀၂၅ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပပြီး ပုလဲအတွဲပေါင်း ၇၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။

အဆိုပါပုလဲရောင်းချပွဲတွင် ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များသည် နံနက်ပိုင်းမှစတင်၍ မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ရောင်းချရန် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ထို့နောက် ရတနာကုန်သည်များသည် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဩဂုတ်လ ၁၃ ရက်တွင် ရောင်းချမည့် ပုလဲအတွဲများအတွက် ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများ အတွင်းသို့ ထည့်သွင်းကြသည်။

၂၀၂၅ ခုနှစ် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲတွင် ပုလဲအလုံးပေါင်း ၁၇၅၀၀၀၊ ပုလဲအတွဲပေါင်း ၇၀၀ ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဩဂုတ်လ ၁၂ ရက်မှ ၁၅ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ဩဂုတ်လ ၁၃ ရက်တွင် ပုလဲအတွဲပေါင်း ၂၃၀၊ ဩဂုတ်လ ၁၄ ရက်တွင် ပုလဲအတွဲပေါင်း ၂၃၀ နှင့် ဩဂုတ်လ ၁၅ ရက်တွင် ပုလဲအတွဲပေါင်း၂၄၀ တို့ကို ပြည်တွင်းပြည်ပရတနာကုန်သည်များအား အမေရိကန်ဒေါ်လာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် ဇွန်လ ၂၀ ရက်မှ ၂၂ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် နိုင်ငံတကာဆေးဘက်ဆိုင်ရာ ဇီဝဓာတုဗေဒပညာရပ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ် မကြယ်စင်လင်းလက်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် ဇွန်လ ၂၅ ရက်မှ ဇူလိုင်လ ၆ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပခဲ့သည့် (၂၁)ကြိမ်မြောက် University Game တွင် လှံတံပစ်အားကစားနည်းဖြင့် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ် မောင်နန်းထက်မောင်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် ဇွန်လ ၁၄ ရက်မှ ၁၆ ရက်အထိ မလေးရှားနိုင်ငံ၌ကျင်းပခဲ့သည့် CAHYA MATA Malaysian Open Championships 2024(14th – 16th)June 20000 m Walk ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ် မဇင်မေထက်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။

☆ **ကျောဖုံးမှအဆက်**

ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရထူးချွန်လူငယ်များ၊ မသန်စွမ်းလူငယ်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ လူငယ်ကိုယ်စားလှယ်များ၊ ရေကြောင်းနှင့်လေကြောင်းလူငယ်များ၊ ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်ဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် မေလ ၁၆ ရက်မှ ၂၀ ရက်အထိ လာအိုနိုင်ငံ၌ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ Men's Sports Physique up to 170 cm ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ် မောင်သန်းထိုက်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

**❖ မိမိတို့နိုင်ငံတွင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ ပိုမိုအားကောင်းစေရန်၊ အရည်အသွေးပြည့်မီပြီး သိပ္ပံနှင့်နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရန်၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုလုပ်ငန်းများ အားပေးမြှင့်တင်နိုင်ရန်အတွက် Polytechnic University (၈) ခုကို ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်သည့်အတွက် အရည်အသွေးပြည့်မီသည့် နည်းပညာရှင်လူငယ်များ မွေးထုတ်ပေးနိုင်မည်ဖြစ် . . .**

**❖ ယနေ့လူငယ်များသည် အနာဂတ်လူ့ဘောင်ကို ပိုင်စိုးကြမည့်သူများဖြစ်ပြီး အနာဂတ်လူ့ဘောင်ကို ဖန်တီးတည်ဆောက်ကြမည့် နိုင်ငံ့အရင်းအမြစ်များဖြစ်၊ တစ်နည်းအားဖြင့် တိုင်းပြည်၏အနာဂတ်ခေါင်းဆောင်များပင်ဖြစ် . . .**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်နှစ်တိုင်း ဩဂုတ်လ (၁၂)ရက်တွင်ကျင်းပပြုလုပ်လျက်ရှိသကဲ့သို့ မိမိတို့ မြန်မာနိုင်ငံတွင်လည်း ရပ်ရွာအကျိုးပြုလုပ်ငန်းများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ လူငယ်များပိုမိုပူးပေါင်းပါဝင်လာစေရန်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို လူငယ်လူရွယ်များ ပိုမိုသိရှိပြီး ပါဝင်ဆင်နွှဲလာကြစေရန်နှင့် လူငယ်များ၏လိုလားချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် နှစ်စဉ်

စာမျက်နှာ ၁၁ သို့ ✯

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# SAC Chairman Prime Minister Senior General Min Aung Hlaing attends opening ceremony of 142nd Myanmar's South Sea pearl emporium






Senior General Min Aung Hlaing watches a video clip on preparations for pearl sale.

NAY PYI TAW August 12

A ceremony to open the 142nd Myanmar's South Sea Pearl Emporium took place at Maniyadana Jade Hall in Nay Pyi Taw this morning, with an address by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing.

Also present at the ceremony were SAC Joint Secretary Lt-Gen Ye Win Oo, council members, Union ministers, the Nay Pyi Taw Council chairman, senior Tatmadaw officers from the Office of the Commander-in-Chief of Defence Services, departmental officials, officials of Myanmar Pearl Enterprise, guests and pearl entrepreneurs at home and abroad.

The Senior General and attendees watched a video clip on data on production of South Sea pearl by relevant countries, production and sale of pearl by Myanmar, and preparations to hold the 142nd Myanmar's South Sea pearl emporium in 2024.

The Senior General and party viewed round display of pearl lots at Maniyadana Jade Hall for the 142nd Myanmar's South Sea pearl emporium and private jewellery shops. Union Minister for Natural Resources and Environmental Conservation U Khin Maung Yi and officials conducted the Senior General and part round the jade hall.

The emporium which will be held from 12 to 15 August will sell 700 lots of 175,000 pieces of South Sea pearl through the open tender system.

At the pearl emporium on 13 August, a total of 115 lots of pearl from numbers 001 to 115 lots will be sold as tender No 1 and 115 more lots of pearl from numbers 116 to 230 lots through open tender system. A total of 115 pearl lots from numbers 231 to 345 lots set as tender No 3 and 115 more lots from number 346 to 460 lots as tender No 4 will be sold through open tender system on 14 August. Moreover, a total of 120 pearl lots from number 461 to 580 lots set as tender No 5 and 120 more pearl lots from number 581 to 700 lots as tender No 6 will be sold through open tender system on 15 August.

100



Senior General Min Aung Hlaing views pearls on display.



Senior General Min Aung Hlaing visits private jewelry exhibit.

# PDF terrorists attack security forces at gas pipeline near Minkan Village, Taungtha Township and vest factory and vehicles set ablaze

NAY PYI TAW August 12

Terrorists are carrying out various terrorist acts such as detonation of mines and bridges, harassing and attacking the national government's projects, burning down office buildings, schools, and houses, fighting in villages and dropping bombs to undermine the country's stability and law and order, to delay the economic development of the country, to stop the flow of goods in the region and to hinder the socio-economic development of the local people.


This morning, the PDF terrorists came and attacked the security forces who were working to secure the pipeline near Minkan Village, Taungtha Township, Mandalay Region, with heavy and small arms from about 300 meters south of the natural gas pipeline with the intention of disrupting and destroying the natural gas pipeline. As a result, the security forces returned fire and the terrorists retreated to the east.

In addition, PDF terrorists arrived at the Taungtha vest factory under the Ministry of Industry, about 2,000 meters north of Taungtha Township, on seven motorcycles at noon today. The factory gate was smashed and the factory management office and 2 vehicles belonging to the office were burnt. After that, they took three motorcycles owned by the factory workers and returned back the way they came. The factory workers were not injured in the incident.

It has been reported that the security forces have surrounded and chased the terrorists who committed such acts of terrorism and fled away, and that necessary area security and law enforcement activities are being carried out in Taungtha Township. **100**



Photo shows damage to the vest factory in Taungtha Township after PDF terrorists set the factory ablaze.




The map shows the incident in which PDF terrorists made heavy and small weapon attacks on security forces at the gas pipeline near Minkan Village in Taungtha Township.



A vehicle incinerated by PDF terrorists at the vest factory.



Photo shows damage to the vest factory in Taungtha Township after PDF terrorists set the factory ablaze.

---

●● **From Page - 20**

explosion of the short-range rocket, two monks, who were residing in the hall, died of injuries caused by rocket shrapnel and other three monks, three novices and three innocent people were injured. The injured have been transported to Bhamo People's Hospital for treatments by ambulance vehicles of a charity organization.

As KIA and KPDF terrorist insurgents are despicably targeting and attacking towns and villages that are stable and peaceful with heavy weapons and short-range rockets, damaging religious, departmental and residential buildings and schools in towns and villages and causing losses of lives and property of the people, local residents have condemned the acts of the terrorist insurgents.

Security forces are enhancing necessary security measures to protect lives and properties of the people and regional stability.

**100**

---

# Kyunhla Township finishes cultivation of more than 7,000 acres of monsoon paddy

KYUNHLA August 12

A total of 7,540 acres of monsoon paddy has been planted in Kyunhla Township of Sagaing Region, according to the Township Agriculture Department.

In monsoon of 2024-2025 financial year, the township earmarked 34,097 acres of monsoon paddy, and local farmers grew 7,540 acres of monsoon against the target.

"This year, more than 7,000 acres of monsoon paddy has been planted against the target of over 34,000 acres of monsoon paddy. They are trying hard to meet the target cultivation. Our department helps them use quality strains of paddy seeds, grow plants in time, apply correct agricultural techniques and prevent pests so as to produce high yield of paddy," said Daw Myint Myint Yi, Head of Township Agriculture Department.

In 2023-2024 monsoon, Kyunhla Township earmarked 34,093 acres of monsoon paddy and local farmers planted 34,097 acres exceeding the target.

Local farmers prefer to use quality strains of paddy such as Hsinthukha, Manaw Thukha, Shwethweyin and Ayeyamin, according to the statistics of the township agriculture department.

This year, monsoon paddy plantations are thriving in Kyunhla Township. Officials of Township Agriculture Department manage selection of quality strains of paddy seeds, searching pests, weeding, abstraction of different paddy strains, and systematic use of fertilizers.

Although farmlands in Kyunhla Township are used rainwater, local farmers dam the creeks and drains to irrigate farmlands.

**SMK**

From Page - 21

Unlike the previous years, this year's International Youth Day 2024 will organize youth forums, youth study tours and public welfare programs with the participation of invited youth representatives from regions and states.

According to the 2019 interim population census report, it was found that over 33 percent of Myanmar's total population consists of young people. This indicates that Myanmar has a significant youth population, which can also be viewed as a strong workforce. Today's youth are the future leaders who will shape and build the society of tomorrow, making them essential resources for the nation's development. In other words, they are the future leaders of the country.

It is only by systematically and correctly training and nurturing young people that the future nation can be built to be prosperous and advanced. Only with youth who possess high morale, correct thinking, honesty, and comprehensive abilities can the nation be properly built. Therefore, it is advised to train and nurture young people to be complete in physical, intellectual, moral, social, and economic strength, known as the five strengths.

The third focus area of the State Administration Council's social directives is **"to enhance the youth sector so that young people can be a major force in the nation's development processes and to ensure that they are endowed with the five strengths."** Consequently, special emphasis is being placed on comprehensive development of the youth sector.

To develop well-rounded youth who are skilled professionals, knowledgeable experts, and are well-developed in the five strengths, and to guide them onto the correct path, so they can become good citizens who contribute to the country, the youth policy is being implemented. To make the youth development programs more effective, the State Administration Council has formed the Central Committee for Youth Affairs, the Youth Affairs Working Committee, and Youth Affairs Committees in Nay Pyi Taw, regions, and states. This is to ensure that youth development efforts are more effective and widespread than before.

A future society that is united, harmonious, outstanding, healthy, capable of critical thinking, with good morals, discipline, and integrity, can only be built by nurturing and developing such youth. Therefore, all relevant ministries, organizations, committees, and responsible persons are urged to work with transparency, responsibility, and accountability in the comprehensive youth development programs for the nation's future.

Following this, the Senior General presented honorary awards to outstanding young people who had won gold medals in international competitions. Afterwards, Chairman of the Central Committee for Youth Affairs Union Minister for Sports and Youth Affairs U Min Thein Zan presented a commemorative gift to the Senior General.

Finally, the Chairman of the Central Committee for Youth Affairs Union Minister for Sports and Youth Affairs read the message sent by the United Nations Secretary-General for International Youth Day 2024.

Then, the Senior General and attendees watched the video clip documenting activities for all-round development of youths to mark International Youth Day-2024.

Afterward, the Senior General and attendees enjoyed music honoring youths and cultural dances of national races.

Then, the Senior General and party posed for documentary photographs with outstanding youths who won gold medals in international competitions and the Senior General cordially greeted attendees.

After the ceremony, the Senior General and attendees earnestly viewed the documentary photograph exhibition to commemorate International Youth Day - 2024.

**100**

# KIA, KPDF terrorist insurgents fire short-range rockets into Bhamo, killing two monks, injuring three monks, three novices, three innocent people



Photos show damage to Mya Hninsi monastery building in the compound of Dhamma Pala Lepaw Monastery after short-range rockets fired by KIA and KPDF terrorists fell.



BHAMO August 12

A short-range rocket fired by KIA and KPDF terrorist insurgents this afternoon fell into the compound of the Dhammapala Lepaw Monastery in Myoma Ward in Bhamo in Kachin State, killing two monks residing in the monastery and injuring other three monks, three novices and three innocent people, all of whom were hit by shrapnel.

In the incident, KIA and KPDF terrorist insurgents were firing heavy weapon rounds and short-range rockets at departmental and residential buildings, which are not military targets, from afar and at about 12 pm today, a short-range rockets fell on Mya Hnin Si hall of the Dhammapala Lepaw Monastery Compound in Myoma Ward. Due to the

See Page - 19



A monk wounded after KIA and KPDF terrorists fired short-range rockets into Bhamo.



A monk died after KIA and KPDF terrorists fired short-range rockets into Bhamo.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# International Youth Day 2024 observed; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address

NAY PYI TAW August 12

International Youth Day 2024 was observed at Wunna Theikdi Stadium C here this afternoon, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC Joint Secretary Lt-Gen Ye Win Oo, SAC members, union ministers, union level officials, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, ministry officials, gold medal winner youths in international competitions, representatives of youths with disabilities, youth representatives from regions and states, marine and aviation youths, Red Cross youths and young scouts, students of universities, colleges and institutes in Nay Pyi Taw, youth development organizations and officials.

In his speech, the Senior General said global countries hold ceremonies marking the International Youth Day on 12 August every year, and Myanmar with the aim of increasing the number of youths who take part in community welfare services and national development undertakings, enhancing the youths' knowledge of the International Youth Day and organizing more youths to partake in the event, and realizing the aspirations of youths, is also organizing the Day annually.

The UN adopted theme of the International Youth Day 2024 is **"From Clicks To Progress: Youth Digital Pathways For Sustainable Development"**. The theme reminds us that youths should be the core of the accelerated endeavours for realizing the sustainable development goals, alongside the digitization process.

The country will open eight polytechnic universities in the academic year 2024-2025. In this regard, it is sure that it will produce qualified youth professionals as reinforcement of the power of science, technology and innovations in the country, generation of qualified human resources of the science and technology field, and promotion of research and innovation are the objectives of the project; and with the involvement of those youths, the country can accelerate its task for sustainable development.



Senior General Min Aung Hlaing addresses International Youth Day ceremony.



Senior General Min Aung Hlaing views documentary photos.




Senior General Min Aung Hlaing presents honorary award to gold medalist Maung Ko Ko Kyaw Phyo.




Senior General Min Aung Hlaing presents honorary award to gold medalist Ma Thae Wah.

See Page - 20

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အလုပ်သမားဝန်ကြီးဌာနကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် တွေ့ဆုံ





နေပြည်တော် ဩဂုတ် ၁၂

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန၏ စုဝေးခန်းမ၌ ကျင်းပသည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အလုပ်သမားဝန်ကြီးဌာန ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများအား တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကို ဖြစ်ပေါ်စေနိုင်သည့်အတွက် အားကစားနှင့်ပတ်သက်၍ အားပေးဆောင်ရွက်ရမည်ဟု လမ်းညွှန်ထားရှိသဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ်အတွင်း လစဉ်အားကစားပြိုင်ပွဲများ ကျင်းပပေးလျက်ရှိပြီး ထူးချွန်သည့်အားကစားသမားများကို ဝန်ကြီးဌာနအဆင့်၊ နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်မည့် အားကစားနည်းအလိုက် တာဝန်ယူဆောင်ရွက်သည့် ညွှန်ကြားရေးမှူးချုပ်များက ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပိုက်ကျော်ခြင်း၊ ဖူဆယ်၊ ဂေါက်သီးရိုက်နှင့် ပြေးခုန်ပစ်အားကစားနည်းများကို ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ (မဝဝ)

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ် လှည့်လည်လေ့လာ










နေပြည်တော် ဩဂုတ် ၁၂

၂၀၂၃-၂၀၂၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ ၃၀ နှင့် အုပ်ချုပ်သူများကို နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ် စေလွှတ်ခဲ့ရာ ယမန်နေ့နံနက်ပိုင်းက ထိုင်းနိုင်ငံမှ လေကြောင်းခရီးဖြင့် စင်ကာပူနိုင်ငံသို့ ရောက်ရှိပြီး စင်ကာပူနိုင်ငံ သံရုံးယာယီတာဝန်ခံ ဦးဇော်ဇော်စိုး၊ သံမှူးကြီး ဒေါ်စံရာရွှေကိုးနှင့် သံရုံးဝန်ထမ်းများက ချန်ဂီလေဆိပ်၌ကြိုဆိုကြသည်။

လေ့လာရေးအဖွဲ့သည်နံနက် ၁၀ နာရီခွဲတွင် ချန်ဂီလေဆိပ်မှ Jellicoe လမ်းရှိ တည်းခိုမည့် V Hotel Lavender သို့ရောက်ရှိပြီး Food Court ၌ နေ့လယ်စာသုံးဆောင်ကြသည်။

ညနေပိုင်းတွင် ထူးချွန်ကျောင်းသား၊ ကျောင်းသူများသည် စင်ကာပူနိုင်ငံ မြန်မာသံရုံးသို့ရောက်ရှိ၍ သံရုံးဝင်းအတွင်း Pho Leng Lion Dance ခြင်္သေ့အကဖြင့်ကြိုဆိုပြီး သံရုံးယာယီတာဝန်ခံ ဦးဇော်ဇော်စိုးက ခရီးစဉ်နှင့်ပတ်သက်သည်များကိုရှင်းလင်းပြောကြားကာ သံရုံးက တည်ခင်းသည့် ညစာကို သုံးဆောင်ကြသည်။ ညပိုင်းတွင် လေ့လာရေးအဖွဲ့သည် Tangling MRT ဘူတာမှ Ruffles Place MRT သို့ ရထားစီး၍ Merlion Park သို့ သွားရောက်ကာ လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ (သတင်းစဉ်)

## INNOVATION

# အမေရိကန်က သစ်သားဖြင့်ဆောက်သည့် ကမ္ဘာ့အမြင့်ဆုံး မိုးမျှော်တိုက်ပိုင်ရှင်ဖြစ်လာမည်

အမေရိကန်က သစ်သားဖြင့်သာတည်ဆောက်သည့်ကမ္ဘာ့အမြင့်ဆုံးမိုးမျှော်တိုက်ပိုင်ရှင်ဖြစ်လာတော့မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါမိုးမျှော်တိုက်ကို မိုက်ကယ်ဂရင်းဗိသုကာစတူဒီယိုက တည်ဆောက်သွားမည်ဖြစ်သည်။

ထိုမိုးမျှော်တိုက်ကို အမေရိကန်နိုင်ငံဝစ္စကွန်ဆင်ပြည်နယ်ရှိ မဝါးကီမြို့လယ်ကောင်ရှိ မားကတ်စင်တာနှင့်အပြိုင်တည်ဆောက်သွားမည်ဖြစ်သည်။

ယင်းမိုးမျှော်တိုက်ကြီးတွင် ရုံးခန်းနေရာများ၊ လက်လီအရောင်းဆိုင်နေရာများ၊ ဟိုတယ်၊ လူနေအိမ်ခန်းနှင့် ကုန်တိုက်ကြီးများပါဝင်မည်ဖြစ်သည်။

အထပ်ပေါင်း ၅၅ ထပ်ပါဝင်မည့် ယင်းမိုးမျှော်တိုက်အတွက် ကုန်ကြမ်းပစ္စည်းများအားလုံးနီးပါးကို သစ်သားများကိုသာအသုံးပြုသွားမည်ဖြစ်ပြီး တည်ဆောက်ပြီးစီးပါက အမြင့်ပေပေါင်း ၆၀၀ ဝန်းကျင်ခန့်ရှိမည်ဖြစ်သည်။

အဆိုပါမိုးမျှော်တိုက်၌ လူနေအိမ်ခန်းပေါင်း ၇၅၀၊ ဟိုတယ်အခန်းပေါင်း ၃၀၀ နှင့် ကားအစီးရေ ၁၁၀၀ ရပ်နားနိုင်သည့်နေရာများပါဝင်မည်ဟု မိုက်ကယ်ဂရင်းဗိသုကာစတူဒီယိုက ထုတ်ပြန်ထားသည်။

သစ်သားမိုးမျှော်တိုက်ကြီးကို သာမန်သစ်သားရက်မများသာအသုံးပြု၍ တည်ဆောက်သွားမည်မဟုတ်ဘဲ အထပ်ထပ်ဖွဲ့စည်းထားသည့် သီးခြားထုတ်လုပ်ထားသော သစ်သားများကိုသာအသုံးပြုသွားမည်ဖြစ်သည်။

ထိုသို့သော သစ်သားအမျိုးအစားသည် ဈေးသက်သာခြင်း၊ ပေါ့ပါးခြင်း၊ ဂေဟစနစ်နှင့်သဟဇာတဖြစ်ခြင်းတို့ကြောင့် ဆောက်လုပ်ရေးနယ်ပယ်တွင် ကွန်ကရစ်နှင့် သံမဏိထုတ်လုပ်ရေးလုပ်ငန်းတို့ထက် ပိုမို၍အားကိုးအားထားပြုနိုင်သည်။

လက်ရှိတည်ဆောက်မည့် သစ်သားမိုးမျှော်တိုက်ကြီးအတွက် မိုက်ကယ်ဂရင်းဗိသုကာစတူဒီယိုက အမေရိကန်ဒေါ်လာသန်း ၇၀၀ ကျော် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်းသိရသည်။

Ref: IE

K.H



# ဟိုက်ဒရိုဂျင်မှ လေယာဉ်ဆီထုတ်လုပ်ရေး နမူနာစက်ရုံ လန်ဒန်မြို့၌ဖွင့်လှစ်မည်

ကမ္ဘာ့ပထမဆုံးဖြစ်လာမည့် ဟိုက်ဒရိုဂျင်စွမ်းအင်မှ လေယာဉ်ဆီထုတ်လုပ်ရေးနမူနာစက်ရုံကို လန်ဒန်မြို့ရှိ အောက်စဖို့လေဆိပ်၌ လာမည့်လတွင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါစက်ရုံကို အောက်စဖို့မြို့အခြေစိုက် OXCCU ကုမ္ပဏီက တစ်ရက်လျှင် ဟိုက်ဒရိုဂျင်မှလေယာဉ်ဆီ ၁ ကီလိုဂရမ်ထုတ်လုပ်နိုင်ရေးအတွက် တည်ဆောက်နေခြင်းဖြစ်သည်။

ဟိုက်ဒရိုဂျင်မှ လေယာဉ်ဆီထုတ်လုပ်ရေးလုပ်ငန်းစဉ်တွင် ကာဗွန်ဓာတ်ငွေ့ဖမ်းယူမှုကို အဓိကထားလုပ်ဆောင်ခြင်းဖြစ်သောကြောင့် ယင်းနည်းလမ်းသည် လေကြောင်းလုပ်ငန်းအတွင်း ကာဗွန်ဓာတ်ငွေ့ကင်းစင်လာစေမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ဟိုက်ဒရိုဂျင်စွမ်းအင်မှထုတ်လုပ်ထားသည့် လေယာဉ်ဆီအသုံးပြု စမ်းသပ်ပျံသန်းမှုများကို ကမ္ဘာတစ်ဝန်းတွင်လုပ်ဆောင်ထားနိုင်ပြီဖြစ်သည်။

ဟိုက်ဒရိုဂျင်မှလေယာဉ်ဆီထုတ်လုပ်ရေးအတွက် နည်းလမ်းအမျိုးမျိုးရှိသော်လည်း OXCCU ကုမ္ပဏီသည် သမားရိုးကျနည်းလမ်းကိုအသုံးမပြုဘဲ ကာဗွန်ဓာတ်ငွေ့ဖမ်းယူသည့်နည်းလမ်းနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ လေယာဉ်ဆီထုတ်လုပ်သည့်နည်းလမ်းတို့ကို အသုံးပြုထားခြင်းဖြစ်သည်။

ယခုနမူနာစက်ရုံသည် လေယာဉ်ဆီ ၁ ကီလိုဂရမ်ကို နေ့စဉ်ထုတ်လုပ်ပေးမည်ဖြစ်ပြီး ယင်းဆီများကို ဟားမြို့တွင်တည်ဆောက်မည့် အကြီးစားစက်ရုံအတွက် အသုံးပြုသွားမည်ဖြစ်သည်။

အဆိုပါအကြီးစားစက်ရုံတည်ဆောက်ပြီးစီးသွားပါက ဟိုက်ဒရိုဂျင်မှလေယာဉ်ဆီ ၁၆၀ ကီလိုဂရမ်ကို နေ့စဉ်ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

Ref: IE

K.H

## SPACE & TECHNOLOGY

# SpaceX ကုမ္ပဏီက Falcon 9 ဒုံးပျံကို ၂၂ ကြိမ်မြောက် စံချိန်တင်အသုံးပြု



SpaceX ကုမ္ပဏီက အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်သည့် Falcon 9 ဒုံးပျံကို ၂၂ ကြိမ်မြောက် စံချိန်တင်အသုံးပြုလိုက်နိုင်ကြောင်းသိရသည်။

Falcon 9 ဒုံးပျံသည် အာတိတ်ဒေသအတွက် ကြိုးမဲ့အင်တာနက်စနစ်ထောက်ပံ့ပေးမည့် ဂြိုဟ်တုနှစ်လုံးကို ဩဂုတ်လ ၁၂ ရက်တွင် အာကာသထဲသို့ပို့ပေးလိုက်နိုင်သည်။ ထိုလွှတ်တင်မှုသည် Falcon 9 ကို ၂၂ ကြိမ်မြောက်အသုံးပြုမှုဖြစ်သည်။

SpaceX ကုမ္ပဏီသည် Falcon 9 ဒုံးပျံတွင် ASBM ဂြိုဟ်တုနှစ်စင်းကိုတင်ဆောင်ကာ ဩဂုတ်လ ၁၂ ရက် ဂရင်းနစ်စံတော်ချိန် နံနက် ၂ နာရီ ၂ မိနစ်တွင် ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဗန်ဒါဘာ့အာကာသတပ်ဖွဲ့အခြေစိုက်စခန်းမှ လွှတ်တင်လိုက်ခြင်းဖြစ်သည်။

ထိုသို့လွှတ်တင်ပြီးနောက် ရှစ်မိနစ်ခွဲအကြာတွင် ဒုံးပျံ၏ပထမအပိုင်းသည် မူလစီစဉ်ထားသည့်အတိုင်း ကမ္ဘာမြေပေါ်သို့ပြန်လည်ရောက်ရှိကာ ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဒရုန်းယာဉ်ပေါ်သို့အောင်မြင်စွာဆင်းသက်လိုက်နိုင်သည်။

ယခုကဲ့သို့ Falcon 9 ဒုံးပျံ၏အားမြှင့်အစိတ်အပိုင်းကို အောင်မြင်စွာလွှတ်တင်မှုနှင့်ပြန်လည်ဆင်းသက်မှုတို့က ကုမ္ပဏီအတွက် ဒုံးပျံကိုပြန်လည်အသုံးပြုမှုစံချိန်အသစ်တစ်ခုဖြစ်လာသည်ဟု SpaceX ကုမ္ပဏီက ထုတ်ပြန်ထားသည်ကိုတွေ့ရသည်။

Falcon 9 ဒုံးပျံအပေါ်ပိုင်းသည် ASBM ဂြိုဟ်တုများကို အာကာသထဲသို့ဆက်လက်သယ်ဆောင်ကာ လွှတ်တင်ပြီးနောက် ၄၂ မိနစ်ခွဲအကြာတွင် ပထမဂြိုဟ်တုကိုလည်းကောင်း၊ နောက်ထပ် ငါးမိနစ်အကြာတွင် ဒုတိယဂြိုဟ်တုကိုလည်းကောင်း အောင်မြင်စွာနေရာချထားလိုက်နိုင်ကြောင်းသိရသည်။

Ref: IE

K.H

# ဂျူပီတာလေ့လာရေးယာဉ်က ဆွဲငင်အားအကူအညီရယူပြီး ဖြတ်လမ်းမှသွားမည်

ဥရောပအာကာသအေဂျင်စီမှ ဂျူပီတာလေ့လာရေးယာဉ်ဖြစ်သည့် Juice သည် လနှင့်ကမ္ဘာဂြိုဟ်တို့၏ ဆွဲငင်အားအကူအညီကိုရယူပြီး ဖြတ်လမ်းမှသွားမည်ဖြစ်ကြောင်းသိရသည်။

ဂျူပီတာဂြိုဟ်၏အေးခဲနေသောဂြိုဟ်ရံလများသည် သက်ရှိများတည်ရှိမှုအတွက် အခြေအနေများရှိနေသည်ဟု ယူဆရပြီး ထိုယူဆချက်မှန်ကန်ခြင်းရှိ၊ မရှိကို Juice ကသွားရောက်လေ့လာမည်ဖြစ်သည်။

သို့သော် ထိုလများဆီသို့ရောက်ရှိနိုင်ရေးအတွက် လွယ်ကူသောနည်းလမ်းမရှိသောကြောင့် Juice က လနှင့်ကမ္ဘာဂြိုဟ်တို့၏ ဆွဲငင်အားအကူအညီကိုရယူခြင်းဖြစ်သည်။

Juice သည် ဩဂုတ်လ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် လနှင့်ကမ္ဘာဂြိုဟ်တို့ကိုဖြတ်ကျော်ပျံသန်းကာ ၎င်းတို့၏ဆွဲငင်အားများဖြင့် ဂျူပီတာဂြိုဟ်ဆီသို့လမ်းကြောင်းဦးတည်၍သွားမည်ဖြစ်သည်။

ယခုကဲ့သို့လုပ်ဆောင်မှုသည် ဆွဲငင်အားအကူအညီနှစ်ကြိမ်ယူ၍ ပထမဆုံးပျံသန်းမှုဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီကထုတ်ပြန်ထားသည်။

ယင်းသို့ ဆွဲငင်အားအကူအညီရယူပျံသန်းခြင်းသည် Juice ၏အရှိန်နှင့်လမ်းကြောင်းတို့ကိုပြောင်းလဲစေကာ ဂျူပီတာဆီသို့ ဖြတ်လမ်းမှသွားသကဲ့သို့ဖြစ်စေမည်ဖြစ်သောကြောင့် လောင်စာနှင့်အချိန်ကုန်ဆုံးမှုကိုလျှော့ချနိုင်မည်ဖြစ်သည်။

သို့သော် ယူရို တစ်ဘီလီယံခွဲအကုန်အကျခံကာ ယမန်နှစ်ဧပြီလတွင်လွှတ်တင်လိုက်သည့် Juice သည် အလွန်သေးငယ်သော အမှားအယွင်းတစ်ခုနှင့်ကြုံတွေ့ရလျှင်ပင် လမ်းကြောင်းပြောင်းပြီး ရည်မှန်းချက်ကို အဆုံးသတ်သွားစေနိုင်ကြောင်းသိရသည်။

Ref: IE

K.H

# နှစ်ပေါင်း ၁၃၅ သန်းရှိ မိကျောင်းရုပ်ကြွင်းက ဒိုင်နိုဆောတို့၏ လျှို့ဝှက်ချက်ကိုဖော်ထုတ်ပေးနိုင်မည်



ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့အနီး ကျောက်မိုင်းတစ်ခုမှ လွန်ခဲ့သောဆယ်စုနှစ်တစ်ခုတွင်တွေ့ရှိရသော သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၃၅ သန်းရှိ မိကျောင်းကျောက်ဖြစ်ရုပ်ကြွင်းက ရေအောက်ကမ္ဘာတွင်ကျင်လည်ကျက်စားခဲ့သော ဒိုင်နိုဆောများ၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်ပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။

နိုင်ငံတကာမှ သုတေသနပညာရှင်များပါဝင်သောအဖွဲ့တစ်ဖွဲ့သည် ဦးခေါင်းခွံနှင့် ပထမလည်ပင်းရိုးတို့ပါဝင်သည့် အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းမှတစ်ဆင့် ၎င်း၏တည်ဆောက်ပုံနှင့် နေထိုင်မှုပုံစံကိုဖော်ထုတ်နိုင်ခဲ့သည်။

ထိုမိကျောင်းတွင် ချောမွေ့သောအရေပြား၊ ရေယက်ပြားနှင့် အားကောင်းသောအမြီးပိုင်းတို့ပါဝင်သည့်အတွက် ရေထဲ၌ကောင်းစွာရှင်သန်နိုင်သည့် မျိုးစိတ်ဖြစ်သည်ဟု ပညာရှင်များကပြောသည်။

ထို့ပြင် လွှသွားပုံသွားများနှင့် ပြေပြစ်သွက်လက်သည့် ခန္ဓာကိုယ်ပုံစံရှိသော ထိုမိကျောင်းများသည် ကျွမ်းကျင်သောရေမုဆိုးများဖြစ်ကြောင်းသိရသည်။

Ref: IE

K.H

ဒါကာ၊ ပြည်တွင်းရေး

## အမေရိကန်၏စနက်ကြောင့် ရာထူးမှနုတ်ထွက်ရခြင်းဖြစ်ဟု ရှိတ်ဟာဆီနာပြော



မကြာသေးမီက ရာထူးမှနုတ်ထွက်ပြီး ပြည်ပသို့ထွက်ခွာသွားသည့် ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ်ဟောင်းရှိတ်ဟာဆီနာက ၎င်းအနေဖြင့် အမေရိကန်၏စနက်ကြောင့် ရာထူးမှ နုတ်ထွက်ရခြင်းဖြစ်သည်ဟု ပြောသည်။

အမေရိကန်တောင်းဆိုသော မဟာဗျူဟာမြောက်ကျွန်းဖြစ်သည့် စိန့်မာတင်ကျွန်းကိုမပေးခြင်းကြောင့် ယခုကဲ့သို့ဖြစ်စဉ်များဖြစ်ပွားအောင် ထိုနိုင်ငံကကြံစည်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ရှိတ်ဟာဆီနာက စာတစ်စောင်တွင်ရေးထားသည်။

"တကယ်လို့ ကျွန်မအနေနဲ့ အမေရိကန်တို့တောင်းဆိုတဲ့အတိုင်း စိန့်မာတင်ကျွန်းကို သူတို့ဆီငှားပေးလိုက်မယ်ဆိုရင် ကျွန်မက ဝန်ကြီးချုပ်ရာထူးမှာဆက်ရှိနေမယ်ဆိုတာသိပါတယ်" ဟု ရှိတ်ဟာဆီနာက ထိုစာတွင်ရေးသားထားကြောင်း The Economic Times သတင်းစာကဖော်ပြထားသည်။

အမေရိကန်သည် ပြီးခဲ့သည့်နွေရာသီတွင် စိန့်မာတင်ကျွန်းကိုငှားရမ်းရန်အဆိုပြုလာသော်လည်း ဘင်္ဂလားဒေ့ရှ်အစိုးရက မငှားပေးခဲ့ကြောင်း ရှိတ်ဟာဆီနာက ပြောသည်။

ထို့ကြောင့် ၎င်းအနေဖြင့် ရာထူးမှနုတ်ထွက်သည့်လမ်းကြောင်းကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် တစ်ယူသန်သမားများ၏ကြိုးကိုင်ခြယ်လှယ်မှုကိုမခံစေလိုကြောင်း ရှိတ်ဟာဆီနာကဆက်ပြောသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အလုပ်အကိုင်နေရာခွဲတမ်းချမှုအပေါ် မကျေနပ်သူများက ဦးဆောင်ဆန္ဒပြရာမှ ဆူပူအုံကြွမှုများအထိဖြစ်လာပြီး အစိုးရကိုကန့်ကွက်သူများနှင့် ရဲတပ်ဖွဲ့တို့ကြား ခိုက်ရန်ဖြစ်ပွားမှုကြောင့် လူ ၄၄၀ ကျော်သေဆုံးကြောင်းသိရသည်။

Ref: Sputnik

မော်စကို၊ စစ်ရေး

## အရပ်သားများအပေါ်တိုက်ခိုက်သည့်ယူကရိန်းနှင့် ဆွေးနွေးစရာစကားမရှိဟု ပူတင်ဆို



အရပ်သားများကို တိုက်ခိုက်မှုပြုလုပ်သောယူကရိန်းနှင့် ဆွေးနွေးစရာစကားမရှိကြောင်းနှင့် ထိုသို့တိုက်ခိုက်မှုများလုပ်နေသမျှကာလပတ်လုံး ငြိမ်းချမ်းရေးဆွေးနွေးပွဲများလည်း ဖြစ်လာနိုင်မည်မဟုတ်ကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က ပြောသည်။

ဩဂုတ်လ ၁၂ ရက်တွင် ပြုလုပ်သောထိပ်တန်းတာဝန်ရှိသူများနှင့် ဆွေးနွေးပွဲတွင် ပူတင်ကယခုကဲ့သို့ပြောလာခြင်းဖြစ်သည်။ ယူကရိန်းတို့က ရုရှားနိုင်ငံပိုင်နက်ဖြစ်သော ခု(စ်)ဒေသကို ကျူးကျော်တိုက်ခိုက်မှုများလုပ်ဆောင်ရာ အရပ်သားများထိခိုက်ပြီး နျူကလီးယားဓာတ်အားပေးစက်ရုံတစ်လုံးပျက်စီးသည်။

ယူကရိန်းအနေဖြင့် ထိုသို့လုပ်ဆောင်ခြင်းက ရုရှားတို့၏စိတ်ဓာတ်ကိုရိုက်ချိုးသည်ဟုပြောထားသော်လည်း ပြောင်းပြန်ရလဒ်ကိုသာရရှိစေမည်ဖြစ်ကြောင်းနှင့် ယခုအခါ နယ်စပ်ဒေသကိုကာကွယ်ရန် ၎င်းတို့၏သဘောဆန္ဒဖြင့် တပ်မတော်ထဲသို့ဝင်လာသူအများအပြားရှိလာကြောင်း ပူတင်ကပြောထားသည်။

ထို့ပြင် ရန်သူများသည် ရုရှား၏တုံ့ပြန်တိုက်ခိုက်မှုကို မလွဲမသွေရင်ဆိုင်ရမည်ဖြစ်သည့်အပြင် ရုရှား၏ရည်မှန်းချက်များအားလုံးရရှိလိမ့်မည်ဖြစ်ကြောင်း ပူတင်ကဆက်ပြောသည်။

ယူကရိန်းစစ်ဘက်သည် ပြီးခဲ့သည့်သီတင်းပတ်တွင် ခု(စ်)ဒေသကိုတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ထိုသို့တိုက်ခိုက်မှုပြုလုပ်ရာတွင် ယူကရိန်းဘက်မှ တိုက်ရည်ခိုက်ရည်ပြည့်ဝသည့် တပ်မများပါဝင်သည်ဟု မီဒီယာများကထုတ်ပြန်ထားသော်လည်း ထိုတိုက်ခိုက်မှုကို ရုရှားကဟန့်တားလိုက်နိုင်ကြောင်းသိရသည်။

Ref: RT

အေသင်၊ သဘာဝဘေး

## ဂရိ၌တောမီးလောင် ပြည်သူ ၃၀၀၀၀ ကျော် နေရာရွှေ့ပြောင်းရ

ဂရိနိုင်ငံရှိ အေသင်မြို့ပြင်၌ တောမီးလောင်မှုကြောင့် ဒေသခံပြည်သူ ၃၀၀၀၀ ကျော်မှာ နေရာရွှေ့ပြောင်းနေထိုင်ရသည်ဟု ဂရိတာဝန်ရှိသူများကပြောသည်။

အဆိုပါတောမီးလောင်မှုသည် ပူပြင်းခြောက်သွေ့မှုနှင့် လေပြင်းတိုက်ခတ်ခြင်းကြောင့်ဖြစ်ပြီး မာရသွန်မြို့မှဒေသခံများကို အနီးရှိနီယာမာခရီမြို့သို့ပြောင်းရွှေ့ခိုင်းလိုက်ရကြောင်း တာဝန်ရှိသူများက ပြောသည်။

တောမီးသည် ဩဂုတ်လ ၁၁ ရက်တွင် စတင်လောင်ကျွမ်းခြင်းဖြစ်ပြီး မီးခိုးလုံးများမှာ ၃၅ ကီလိုမီတာအကွာရှိ အေသင်မြို့ကိုပင်ဖုံးလွှမ်းကြောင်းနှင့် ကီလိုမီတာ ၁၀၀ အထိရောက်ရှိကြောင်းသိရသည်။

Ref: Xinhua

# သတင်းတိုကဏ္ဍ

## အင်ဒိုနီးရှားမြို့တော်အသစ်က ဒေါ်လာသုံးဘီလီယံခွဲ ရင်းနှီးမြှုပ်နှံမှုရရှိ

အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်အသစ်ဖြစ်သော နူဆန်တာရာမြို့က အမေရိကန်ဒေါ်လာသုံးဘီလီယံခွဲတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုများကိုရရှိထားကြောင်း သမ္မတဂျိုကိုဝီဒိုဒိုက ဩဂုတ်လ ၁၂ ရက်တွင်ပြောသည်။

သမ္မတက အစိုးရအဖွဲ့အစည်းအဝေးကို အဆိုပါမြို့တော်အသစ်၌ပထမဆုံးပြုလုပ်စဉ် ယခုကဲ့သို့ပြောခြင်းဖြစ်ကြောင်း အစိုးရသတင်းဌာနကဖော်ပြထားသည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုများတွင် နိုင်ငံတော်ကကျခံသုံးစွဲနေသည့် အစိုးရရုံးများ၊ အခြေခံအဆောက်အအုံများအတွက် ငွေကြေးပမာဏမပါဝင်သေးကြောင်း တွေ့ရသည်။

လက်ရှိတွင် ရင်းနှီးမြှုပ်နှံသူ ၅၅ ဦးက ဘဏ်လုပ်ငန်း၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဈေးရောင်းမှု၊ စွမ်းအင်ကဏ္ဍ၊ ဟိုတယ်လုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်းနှင့်အိမ်ရာလုပ်ငန်းနယ်ပယ်များတွင် အဆောက်အအုံများဆောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

Ref: Xinhua

......................

## ဗီယက်နမ်က ဆုံဆို့နာရောဂါကို ဒေသတွင်းကပ်ရောဂါအဖြစ်ကြေညာ

ဗီယက်နမ်အစိုးရက နိုင်ငံအလယ်ပိုင်းရှိ သန်ဟွာပြည်နယ်၌ ဆုံဆို့နာရောဂါကို ဒေသတွင်းဖြစ်ပွားသော ကပ်ရောဂါအဖြစ် ကြေညာလိုက်ကြောင်းသိရသည်။

အဆိုပါပြည်နယ်ရှိ မွန်လတ်မြို့၌ ထိုရောဂါဖြစ်ပွားသူသုံးဦးအပြင် ၎င်းတို့နှင့် အနီးကပ်ထိတွေ့သူ ၃၄ ဦးကိုစစ်ဆေးတွေ့ရှိပြီးနောက် ယခုကဲ့သို့ဒေသတွင်းကပ်ရောဂါအဖြစ်ကြေညာလိုက်ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ထိုရောဂါကူးစက်ပျံ့နှံ့နိုင်ခြေက အလွန်မြင့်မားနေကြောင်း၊ အရေးပေါ်ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် ကွာရန်တင်းဝင်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းများကိုလုပ်ဆောင်နေကြောင်း ပြည်နယ်တာဝန်ရှိသူများကပြောသည်။

သန်ဟွာပြည်နယ်၌ ပထမဆုံးဆုံဆို့နာရောဂါဖြစ်ပွားမှုကို ဩဂုတ်လ ၅ ရက်တွင် အသက် ၁၇ နှစ်ရှိ ကိုယ်ဝန်ဆောင်တစ်ဦး၌တွေ့ရခြင်းဖြစ်သည်။ ထို့နောက် ၎င်း၏ဆွေမျိုးနှစ်ဦးတွင် ရောဂါပိုးကူးစက်မှုကို ထပ်မံတွေ့ရှိခြင်းဖြစ်ကြောင်းသိရသည်။

Ref: Xinhua

......................

## ရှီးယိုက်စစ်သွေးကြွအဖွဲ့က အမေရိကန်ကို အဆုံးမရှိလက်တုံ့ပြန်မည်ဟု သတိပေး

အမေရိကန်နိုင်ငံအနေဖြင့် အီရတ်သို့မဟုတ် အီရန်နိုင်ငံကို တိုက်ခိုက်ပါက ၎င်းတို့ကို အဆုံးမရှိလက်တုံ့ပြန်သွားမည်ဟု အီရတ်နိုင်ငံရှိ ရှီးယိုက်စစ်သွေးကြွအဖွဲ့တစ်ဖွဲ့က သတိပေးလိုက်သည်။

အီရတ်နိုင်ငံရှိ အစ္စလာမ်မစ်တော်လှန်ရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် IRCC အဖွဲ့သည် ဒေသတွင်းတင်းမာမှုများမြင့်တက်နေစဉ် အမေရိကန်ကို ယခုကဲ့သို့သတိပေးလိုက်ခြင်းဖြစ်သည်။

အီရန်နိုင်ငံ၌ ဟားမက်နိုင်ငံရေးခေါင်းဆောင်တစ်ဦးလုပ်ကြံခံရမှု၊ လက်ဘနွန်၌ ဟစ်ဇဘိုလာခေါင်းဆောင်တစ်ဦး လုပ်ကြံခံရမှုတို့အပေါ် အီရန်နှင့်မဟာမိတ်အဖွဲ့များက လက်တုံ့ပြန်သွားမည်ဟု ကတိပြုထားသည်။

ထို့အတူ အမေရိကန်အစိုးရကလည်း တိုက်ခိုက်မှုများဖြစ်လာလျှင် အစ္စရေးကို အပြည့်အဝကာကွယ်ပေးသွားမည်ဖြစ်ပြီး အရှေ့အလယ်ပိုင်းသို့ တိုက်ခိုက်ရေးအဖွဲ့များကို ပိုမိုစေလွှတ်သွားမည်ဟုပြောထားကြောင်းသိရသည်။

Ref: Xinhua

......................

## ပဲရစ်အိုလံပစ်ပိတ်ပွဲအခမ်းအနား၌ အိုလံပစ်အလံကို အမေရိကန်သို့လွှဲပြောင်းပေး

၂၀၂၄ ခုနှစ် ပဲရစ်အိုလံပစ်အားကစားပွဲတော်ပိတ်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၁ ရက်ညပိုင်းတွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရှိ ပြင်သစ်အားကစားကွင်း၌ကျင်းပပြီး အိုလံပစ်အလံကို အမေရိကန်သို့လွှဲပြောင်းပေးလိုက်ကြောင်းသိရသည်။

အဆိုပါပိတ်ပွဲအခမ်းအနားသို့ အိုလံပစ်ဥက္ကဋ္ဌ၊ ပြင်သစ်သမ္မတတို့အပြင် ဖိတ်ကြားထားသည့်ဧည့်သည်များနှင့် ပရိသတ်စုစုပေါင်း ၇၁၀၀၀ ကျော်တက်ရောက်သည်။

အခမ်းအနားကို နှစ်ပိုင်းခွဲ၍ကျင်းပခဲ့ခြင်းဖြစ်ပြီး ပထမပိုင်းတွင် ပြင်သစ်နိုင်ငံ၏ရိုးရာယဉ်ကျေးမှုများအတိုင်း ဖျော်ဖြေခြင်းဖြစ်ကာ ဒုတိယပိုင်းကိုမူ အမေရိကန်ပုံစံနှင့်ကျင်းပခဲ့ခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် ပဲရစ်အိုလံပစ်အားကစားပွဲတော်ကို ၁၉ ရက်တိုင်တိုင်ကျင်းပခဲ့ခြင်းဖြစ်ပြီး နိုင်ငံပေါင်း ၂၀၆ နိုင်ငံမှ အားကစားသမား ၁၀၅၀၀ ဝန်းကျင်က အားကစားနည်းပေါင်း ၃၂ မျိုးတွင်ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၈ ခုနှစ်အတွက် အိုလံပစ်အားကစားပွဲတော်ကို အမေရိကန်ပြည်ထောင်စု လော့အိန်ဂျလိမြို့၌ ယင်းနှစ် ဇူလိုင်လ ၁၄ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

Ref: Xinhua

# ဘရာဇီးအမျိုးသမီးအသင်း ကွင်းလယ်ကစားသမားမာတာ ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူကြောင်းကြေညာ

ရီယိုဒီဂျနေးရိုး ဩဂုတ် ၁၂

ဘရာဇီးအမျိုးသမီးအသင်း ကွင်းလယ်ကစားသမားမာတာက ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူကြောင်း အတည်ပြုကြေညာခဲ့သည်။

အသက် ၃၈ နှစ်အရွယ်မာတာသည် ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲတွင် ဘရာဇီးအသင်းနှင့်အတူ ပါဝင်ခဲ့ပြီးနောက် အသင်းနှင့်အတူ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်သော်လည်း အမေရိကန်အသင်းကို ရှုံးနိမ့်ပြီးနောက် ရွှေတံဆိပ်ဆုနှင့်လွဲချော်ပြီး ငွေတံဆိပ်ဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

မာတာသည် အမေရိကန်အသင်းနှင့် ဘရာဇီးအသင်းတို့ကစားသည့် ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ ဗိုလ်လုပွဲအပြီးတွင် ဘရာဇီးအမျိုးသမီးအသင်း ကစားသမားဘဝမှ အနားယူကြောင်း အတည်ပြုကြေညာခဲ့ပြီး ၎င်းသည် ဘရာဇီးအမျိုးသမီးအသင်းနှင့်အတူ ၂၀၀၃ ခုနှစ်ကတည်းက စတင်ပါဝင်ကစားခဲ့ကာ အသင်းနှင့်အတူ နိုင်ငံတကာပြိုင်ပွဲစုံ ၁၂၅ ပွဲအထိ ပါဝင်ကစားပြီး သွင်းဂိုး ၅၃ ဂိုး သွင်းယူနိုင်ခဲ့သည်။

မာတာသည် ဘရာဇီးအမျိုးသမီးအသင်းနှင့်အတူ ဆယ်စုနှစ်တစ်ခုကျော်ကြာကစားပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် တစ်နှစ်တာ ကမ္ဘာ့အကောင်းဆုံးအမျိုးသမီးကစားသမားဆုအပါအဝင် တစ်ဦးချင်း အကောင်းဆုံးကစားသမားဆုအများအပြားဆွတ်ခူးနိုင်ခဲ့ပြီး အမျိုးသမီးကစားသမားများတွင်လည်း အကောင်းဆုံးကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

*Ref;Goal*



# လီဗာပူးအသင်းထံမှ သက်တမ်းတိုးစာချုပ်အတွက် တစ်စုံတစ်ရာကမ်းလှမ်းမှုမရှိသေးကြောင်း ခံစစ်ကစားသမား ဗန်ဒိုက်ပြောကြား

လန်ဒန် ဩဂုတ် ၁၂

လီဗာပူးအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ခံစစ်ကစားသမား ဗန်ဒိုက်က လက်ရှိအချိန်ထိ အသင်းထံမှ သက်တမ်းတိုးစာချုပ်အတွက် တစ်စုံတစ်ရာကမ်းလှမ်းမှုမရှိသေးကြောင်း ပြောကြားခဲ့သည်။

အသက် ၃၃ နှစ်အရွယ် ဗန်ဒိုက်သည် ၂၀၁၈ ခုနှစ်က ဆောက်သမ်တန်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး နောက်ပိုင်းဘောလုံးရာသီများ၌ လီဗာပူးအသင်း ချန်ပီယံဆုဖလားများ ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့ကာ လက်ရှိပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အကောင်းဆုံးခံစစ်ကစားသမားများမှ တစ်ဦးအပါအဝင်အဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

ဗန်ဒိုက်သည် နည်းပြဟောင်း ကလော့လက်အောက်တွင် အဓိက ကစားသမားအဖြစ် အသင်းခေါင်းဆောင်ရာထူးကို ရယူထားခဲ့သော်လည်း အသင်းမှ နည်းပြကလော့ထွက်ခွာပြီးနောက် ၎င်း၏အနာဂတ်မှာ မရေမရာဖြစ်လာပြီး စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့သော်လည်း လီဗာပူးအသင်းက သက်တမ်းတိုးစာချုပ်အတွက် ကမ်းလှမ်းမှုမရှိသေးခြင်းဖြစ်သည်။

လီဗာပူးအသင်းမှ နည်းပြကလော့ထွက်ခွာပြီးနောက် ဗန်ဒိုက်နှင့်အတူ တိုက်စစ်ကစားသမားဆာလက်ချ်၏အနာဂတ်မှာလည်း မရေမရာဖြစ်နေပြီး လီဗာပူးအသင်းကလည်း ဗန်ဒိုက်အတွက် သင့်လျော်သည့်ပြောင်းရွှေ့ကြေးရရှိမည်ဆိုပါက ရောင်းချဖွယ်ရှိသည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိသည်။

ဗန်ဒိုက်က "အသင်းထံကနေ စာချုပ်သစ်အတွက် တစ်စုံတစ်ရာကမ်းလှမ်းမှုမရှိသေးပါဘူး။ လက်ရှိအချိန်ထိတော့ အပြောင်းအလဲမရှိသေးပါဘူး။ အသင်းတာဝန်ရှိသူတွေအနေနဲ့ စာချုပ်သစ်အတွက် ပြင်ဆင်နေတယ်လို့ထင်ပါတယ်" ဟုပြောသည်။

*Ref;The Telegraph*

# မန်ယူအသင်းက စာချုပ်ပါအချက်အလက်များအတိုင်း ကွင်းလယ်ကစားသမား ဖာနန်ဒက်စ်ကို တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆို




မန်ချက်စတာ ဩဂုတ် ၁၂

မန်ယူအသင်းက အဓိက ကွင်းလယ်ကစားသမား ဖာနန်ဒက်စ်ကို ခေါ်ယူခဲ့စဉ်က စာချုပ်ပါအချက်အလက်များအတိုင်း တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၉ နှစ်အရွယ် ဖာနန်ဒက်စ်သည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလက စပို့တင်းလစ္စဘွန်းအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး လက်ရှိ ဖာနန်ဒက်စ်၏ စာချုပ်သက်တမ်းမှာ ၂၀၂၆ ခုနှစ် ဇွန်လတွင် ကုန်ဆုံးမည်ဖြစ်သည်။

မန်ယူအသင်းနှင့် ဖာနန်ဒက်စ်တို့ စာချုပ်ချုပ်ဆိုစဉ်ကတည်းက မန်ယူအသင်းအနေဖြင့် လက်ရှိစာချုပ်သက်တမ်းကုန်ဆုံးလျှင် နောက်ထပ်တစ်နှစ် စာချုပ်သက်တမ်းတိုးခွင့်ရှိမည့်အချက်ကို ထည့်သွင်းချုပ်ဆိုထားသည့်အတွက် မန်ယူအသင်းက စာချုပ်ပါအချက်အလက်များအတိုင်း နောက်ထပ်တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့ရာ ဖာနန်ဒက်စ်ကလည်း သဘောတူညီခဲ့သည့်အတွက် နောက်ထပ်တစ်နှစ် သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

ဖာနန်ဒက်စ်သည် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး လက်ရှိပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း အကောင်းဆုံးကွင်းလယ်ကစားသမားများမှ တစ်ဦးအပါအဝင်အဖြစ် ရပ်တည်လျက်ရှိကာ မန်ယူအသင်းက လက်မလွှတ်လိုသည့်အတွက် နောက်ထပ်တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဖာနန်ဒက်စ်သည် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း မက်ဂွိုင်ယာထံမှ အသင်းခေါင်းဆောင်ရာထူးကို လွှဲပြောင်းရယူနိုင်ပြီး အသင်းကို အကောင်းဆုံးဦးဆောင်နိုင်ခဲ့သူဖြစ်သည်။

အစောပိုင်းက မန်ယူအသင်းပူးတွဲပိုင်ရှင် ရက်ကလစ်ဖ်က လက်ရှိအပြောင်းအရွှေ့ကာလတွင် ခြေစွမ်းပြလျက်ရှိသည့် လူငယ်ကစားသမားများမှလွဲပြီး ကျန်ကစားသမားများကို ရောင်းချနိုင်သည်ဟု ပြောကြားခဲ့ပြီးနောက် မန်ယူအသင်းနှင့် ဖာနန်ဒက်စ်တို့အနာဂတ်မှာ မရေမရာဖြစ်ခဲ့သည့်သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ မန်ယူအသင်းက တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

*Ref;The Athletic*

## နွေရာသီကစားသမား အပြောင်းအရွှေ့ သတင်းတိုများ

■ လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားအပြောင်းအလဲများစွာ လုပ်ဆောင်လျက်ရှိသည့် မာဆေးလ်အသင်းသည် အေဂျက်အသင်းဂိုးသမား ရူလီကို ပြောင်းရွှေ့ကြေး ယူရို သုံးသန်းဖြင့် သုံးနှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

■ ဒေါ့မွန်အသင်းက စတုဂတ်အသင်းတိုက်စစ်မှူး ဂူယာဆီကို ခေါ်ယူနိုင်ပြီးနောက် ဟော့ဖန်ဟိန်းအသင်း တိုက်စစ်ကစားသမား မက်စီမီလီယန်ကိုပါ ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိပြီး လာမည့်ရက်ပိုင်းအတွင်း စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

■ ဘာစီလိုနာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာ မကြာမီ လမ်းခွဲမည့် ခံစစ်ကစားသမား ဆာဂျီယိုရော်ဘတ်တိုကို အေဂျက်အသင်းနှင့် ဖီအိုရင်တီးနားအသင်းတို့က အပြိုင်ကမ်းလှမ်းရန် ကြိုးပမ်းနေကြောင်း သိရသည်။

■ ဘိုင်ယန်မြူးနစ်အသင်းက အသင်းခံစစ်ပိုင်းကို ပြန်လည်အင်အားဖြည့်တင်းသည့်အနေဖြင့် လေဗာကူဆင်အသင်း ခံစစ်ကစားသမား ဂျိုနသန်တက်ဒ်ကို ခေါ်ယူရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

# KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမော်မြို့အတွင်း ရှော့တိုက်ဒုံးဖြင့်ပစ်ခတ်ခဲ့မှုကြောင့် သံဃာတော် ၂ ပါး ပျံလွန်တော်မူခဲ့ပြီး သံဃာတော် ၃ ပါး၊ ကိုရင် ၃ ပါးနှင့် အပြစ်မဲ့ပြည်သူ ၃ ဦး ထိခိုက်ဒဏ်ရာရရှိ




KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများပစ်ခတ်လိုက်သည့် ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲမှုကြောင့် ဓမ္မပါလလယ်ပေါ်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ မြနှင်းဆီကျောင်းဆောင်ပျက်စီးမှုအား တွေ့ရစဉ်။



KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမော်မြို့အတွင်းသို့ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် သံဃာတော်တစ်ပါးအား တွေ့ရစဉ်။



KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမော်မြို့အတွင်းသို့ ရှော့တိုက်ဒုံးဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ပျံလွန်တော်မူခဲ့သည့် သံဃာတော်များအား တွေ့ရစဉ်။



KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများပစ်ခတ်လိုက်သည့် ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲမှုကြောင့် ဓမ္မပါလလယ်ပေါ်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ မြနှင်းဆီကျောင်းဆောင်ပျက်စီးမှုအား တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၁၂

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ မြို့မရပ်ကွက်ရှိဓမ္မပါလလယ်ပေါ်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ ယနေ့မွန်းလွဲပိုင်းတွင် KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများပစ်ခတ်လိုက်သည့် ရှော့တိုက်ဒုံး ၁ လုံးကျရောက်ပေါက်ကွဲမှုကြောင့် အဆိုပါကျောင်းတိုက်အတွင်း သီတင်းသုံးနေသည့် သံဃာတော် ၂ ပါး ဖုံးစထိမှန်၍ ပျံလွန်တော်မူခဲ့ပြီး သံဃာတော် ၃ ပါး၊ ကိုရင် ၃ ပါးနှင့် အပြစ်မဲ့ပြည်သူ ၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများသည် ဗန်းမော်မြို့နယ်အတွင်း စစ်ရေးပစ်မှတ်မဟုတ်သည့် ဌာနဆိုင်ရာအဆောက်အဦနှင့် လူနေအိမ်များအား လက်နက်ကြီးများ၊ ရှော့တိုက်ဒုံးများဖြင့် အဝေးမှနေ၍ ပစ်ခတ်တိုက်ခိုက်လျက်ရှိရာ ယနေ့မွန်းလွဲ ၁၂ နာရီခန့်တွင် အဆိုပါအကြမ်းဖက်သောင်းကျန်းသူများပစ်ခတ်လိုက်သည့် ရှော့တိုက်ဒုံး ၁ လုံးသည် မြို့မရပ်ကွက်ရှိ ဓမ္မပါလလယ်ပေါ်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ မြနှင်းဆီကျောင်းဆောင်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သည်။ ထိုသို့ ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲမှုကြောင့် အဆိုပါကျောင်းဆောင်အတွင်း သီတင်းသုံးနေသော သံဃာတော် ၂ ပါး ဖုံးစထိမှန်ဒဏ်ရာများရရှိကာ ပျံလွန်တော်မူခဲ့ပြီး သံဃာတော် ၃ ပါး၊ ကိုရင် ၃ ပါးနှင့် အပြစ်မဲ့ပြည်သူ ၃ ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ဗန်းမော်မြို့ပြည်သူ့ဆေးရုံသို့ လူမှုကူညီရေးအသင်းမှ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရှိရသည်။

KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးပစ်မှတ်မဟုတ်ဘဲ အေးချမ်းစွာနေထိုင်လျက်ရှိသော မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီးများ၊ ရှော့တိုက်ဒုံးများဖြင့် ရက်စက်ယုတ်မာစွာ ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် တိုက်ပွဲများဖော်ဆောင်ခြင်းများလုပ်ဆောင်မှုများကြောင့် မြို့၊ ရွာများရှိ ဘာသာရေးအဆောက်အဦများ၊ ဌာနဆိုင်ရာအဆောက်အဦများ၊ လူနေအိမ်များနှင့် စာသင်ကျောင်းများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိကာ ပြည်သူလူထု၏ အသက်အိုးအိမ်ကို ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိသဖြင့် ဒေသခံပြည်သူများက အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
